# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၃၃)


## သိင်္ဂါလောဝါဒသုတ္တန်လာ ဆရာကျင့်ဝတ် ( ၅ ) ပါး

မြတ်စွာဘုရားရှင်သည် သူကြွယ်သား သိင်္ဂါလ လုလင်အား "တောင်အရပ်မည်သော ဆရာတို့သည် တပည့်များအပေါ်၌ ပြုစုစောင့်ရှောက်အပ်သော တရား (၅)ပါး ရှိကုန်သည်"ဟု ဟောကြားခဲ့ပါသည်။ ဆရာများအနေဖြင့် တပည့်များအပေါ်တွင် မိမိမွေးသော ရင်ဝယ်သားနှင့်မခြား စိတ်ကောင်း စေတနာကောင်းဖြင့် ပြုစုစောင့်ရှောက်သွားရန် လိုအပ်ပါသည်– ***စာမျက်နှာ ၃ ကော်လံ ၄*** ●

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥဇဘက်ကစ္စတန်နိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အစ္စလမ် အဗ္ဗဒူဂါနိဗစ်ရှ် ကာရီမော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာတာနိုင်ငံ အကြီးအကဲထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာတာနိုင်ငံ အကြီးအကဲ အီမာ အာမက် ဘင် ခါလီဖာ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေလီတံတား (ငါးအိုး)၏ ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ရွှေလီမြစ်၏ မြစ်ရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## စီမံကိန်းများအောင်မြင်ပြီး ပြည်ထောင်စုကြီး၏အစိတ်အပိုင်းအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ၊ ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာအာဏာပိုင်များ တက်ညီလက်ညီပူးပေါင်းဆောင်ရွက် မိုးစပါး၊ ခြံစည်းရိုးကြက်ဆူပင်၊ ရော်ဘာနှင့် ကြံသီးနှံများ လျာထားချက်ကျော်လွန်အောင်စိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၃၁**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဩဂုတ် ၂၉ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့ရှိ ဇေယျမင်္ဂလာ သာသနာ့ဗိမာန်သို့သွားရောက်၍ ဗန်းမော်မြို့ရှိ ပြည်နယ်သံဃနာယကဆရာတော်နှင့် မြို့နယ်သံဃနာယကဆရာတော်များအား ဖူးမြော်ပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်လေးလုံးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇာဂရဗုဒ္ဓိထံမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

## ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့ကျေးလက်များ

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိရာ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။

နိုင်ငံတော်က ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့်လမ်းများနှင့် မြစ်ကူး၊ ချောင်းကူးတံတားများကို ဆောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူလာပြီး စီးပွားရေးလုပ်ငန်းများလည်း ကောင်းမွန်လျက်ရှိသည်။

သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို ပြည်သူတို့နှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ သောက်သုံးရေဖူလုံပြီး စိုက်ပျိုးရေးအဆင်ပြေချောမွေ့ရုံသာမက ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုလျက်ရှိသည်။

ကျေးလက်ဒေသ ပညာရည်မြင့်မားရေးအတွက် အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျေးလက်ပြည်သူတို့၏ သားသမီးများ လက်လှမ်းတမီ ပညာသင်ယူနိုင်လျက်ရှိသည်။

ကျေးလက်ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးပေးခန်းများ၊ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျေးလက်ပြည်သူတို့၏ ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်လျက်ရှိသည်။

ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် သီးနှံမျိုးကောင်းမျိုးသန့်များ၊ မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စိုက်ပျိုးရေးနည်းပညာများရရှိရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ သီးနှံများအထွက်တိုးလျက်ရှိသည်။ ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်များမွေးမြူနိုင်ရေးကိုလည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်လျက်ရှိသည်။

အချို့ဒေသများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေသည့် စံပြကျေးရွာများကို တွေ့မြင်နေရသည်။ စံပြကျေးရွာများတွင် ကတ္တရာလမ်းသစ်များ၊ တွဲဖက်အထက်တန်းကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ထားရှိရာ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေးများ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်၏ဦးဆောင်မှု၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏ လက်တွဲကြိုးပမ်းမှုကြောင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာနိုရော့ဇလာဒီမီယာ အီဗာမိုဗစ်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာန စစ်ကိုင်း သမဝါယမကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ယင်းကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဦးဟန်စိုးအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလကလေးများ ရန်ပုံငွေအဖွဲ့ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂအဖွဲ့ လက်ထောက်ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Kul Chandra Gautam သည် ဩဂုတ် ၂၈ ရက် မွန်းလွဲ၁နာရီခွဲက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်ပါရဝပြုသည်။

### တက်ရောက်

ထိုသို့ တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝန်းသိုစော်ဘွားဦးရွှေသားနှင့်ဦးအောင်မြတ်အသုံးပြုခဲ့သည့် ဆင်စွယ်ရတနာ အာဏာရ တံဆိပ်တော်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၁**

ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသ သိုဟံဘွားဘွဲ့ခံ ဦးရွှေသား၏ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

### ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က နိုင်ငံတော်အတွက် အဖိုးတန် ရှေးဟောင်းသမိုင်းဝင်ရှားပါးပစ္စည်းဖြစ်သည့်ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော် လှူဒါန်းမှုအတွက် အလှူရှင်မိသားစုအား ကျေးဇူးတင်စကား ပြောကြားသည်။

### ရည်ရွယ်ချက်ရှင်းလင်း

ထို့နောက် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏ မြေးဖြစ်သူ အလှူရှင် ဦးစောဝင်းက ဝန်းသိုစော်ဘွားကြီး ဦးရွှေသား၏ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင် ဦးစောဝင်းက ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသ သိုဟံဘွားဘွဲ့ခံ ဦးရွှေသား၏ ဆင်စွယ်ရတနာအာဏာရ တံဆိပ်တော်ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။



ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်ထံ အလှူရှင် ဦးစောဝင်းက ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသသိုဟံဘွားဘွဲ့ခံ ဦးရွှေသား၏ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

### ပြသသွားမည်

အဆိုပါ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်မှာ ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးက ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသ သိုဟံဘွားဘွဲ့ခံ ဦးရွှေသားအား ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး သားဖြစ်သူ သူရဲကောင်း မျိုးချစ်စော်ဘွားကြီး မဟာဝံသ သီရိဇယသိုဟံဘွားဘွဲ့ခံ ဦးအောင်မြတ်လက်ထက်တိုင် ဝန်းသိုနယ်နှင့် အထက်မြန်မာပြည်နယ်များ အုပ်ချုပ်ရာတွင် အသုံးပြုခဲ့သော ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ဖြစ်ကာ ဝန်းသိုစော်ဘွားကြီး ဦးရွှေသားနှင့် ဦးအောင်မြတ်တို့ သားအဖမှာ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏ ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီးများဖြစ်သဖြင့် ဆင်စွယ်ရတနာ အာဏာရ တံဆိပ်တော်ကို အမျိုးသားပြတိုက်တွင် ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁-၉-၂၀၀၆**
**(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| ၆း၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုု့ဝှက်ချက်"**(အပိုင်း-၁၀) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၆) |

## MRTV-4

## ရုပ်မြင်သံကြားအစီအစဉ်

**၁-၉-၂၀၀၆**
**(သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သင်းပျံ့လှိုင်လှိုင် ဟင်းခတ်အမွှေးအကြိုင် |
| ၇း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၂၅ | Myanmar Video Rhythm |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | သဘာဝကပေးသော အရောင်များ |
| ၈း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာစံဇာဏီဘိုနှင့် တွေ့ဆုံခြင်း) |
| ၉း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၂၅ | Mr & Mrs Quench-2006 (Part II) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ | လောကရဲ့ အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ) |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | Basic Computer Learning for Beginner (Vol:5) |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅ | Music Gallery (အသစ်ကြိုက်သူများ-၂) |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | Midweek Sports News |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

■ **ကျောဖုံးမှ**

ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

**ဖြည့်စွက်တင်ပြ**

ရှေးဦးစွာ ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးမြင့်လှိုင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကဏ္ဍများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများနှင့် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ကျောက်ဖြူမြို့နယ်တွင် ဝမ်းစာစပါးဖူလုံနေသော်လည်း ဆက်လက် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ နည်းလမ်းလေးသွယ်ဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အပါအဝင် လိုအပ်သည့် စိုက်ပျိုးရေး နည်းပညာများကို တောင်သူများအား ဖြန့်ဝေ ပညာပေးရန်လိုအပ်ကြောင်း၊ မြို့နယ်၏ စီးပွားရေး တိုးတက်နှုန်းမြင့်မားရေးအတွက် အဓိကဖြစ်သည့် လယ်ယာထုတ်ကုန်များကို သီးထပ်သီးညှပ် စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကို အားစိုက်ဆောင်ရွက်ရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို ရေရှည်တည်တံ့အောင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ ဝယ်လိုအားကောင်းပြီး မိမိအတွက်၊ နိုင်ငံအတွက် အကျိုးရှိနိုင်သည့် ရော်ဘာကိုလည်းကောင်း၊ ဒီဇယ်လောင်စာအစားထိုး ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြ်စည်းရိုးကြက်ဆူပင်များကို လည်းကောင်း၊ လျာထားချက်ထက် ကျော်လွန်အောင် ပိုမို စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ငရုတ်ကောင်းကိုလည်း ပြည်နယ်၏ အဓိကစိုက်ပျိုးသီးနှံအဖြစ် ပိုမိုစိုက်ပျိုးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျောက်ဖြူမြို့နယ် အခြေခံပညာ ကျောင်းများအတွက် ထောက်ပံ့ငွေ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကို မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်အုန်းထံ ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့နယ်ပညာရေးကောလိပ်ကျောင်းဝင်းအတွင်း ကျင်းပသည့် ခြ်စည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်တို့က ခြ်စည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကား အသီးသီး ပြောကြားကြသည်။

**ပျိုးပင်များပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျောက်ဖြူပညာရေးကောလိပ် ဆရာ ဆရာမများ စိုက်ပျိုးရန် ခြ်စည်းရိုးကြက်ဆူပျိုးပင်များကို ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က လူမှုရေးအသင်းအဖွဲ့ဝင်များ စိုက်ပျိုးရန် ခြ်စည်းရိုးကြက်ဆူပျိုးပင်များကို ကိုယ်စားလှယ်များထံ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့်အဖွဲ့ဝင်များသည် သတ်မှတ်နေရာများတွင် ခြ်စည်းရိုးကြက်ဆူပျိုးပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တက်ရောက် လာကြသူများ၏ ခြ်စည်းရိုးကြက်ဆူပင်များ စုပေါင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့နယ် နှမ်းဖဲတောင်ကျေးရွာ နှမ်းဖဲတင်ကွင်း၌ ကျင်းပသည့် စုပေါင်းတမန်နှီးပွဲနှင့် မြေဩဇာကြဲပက်ခြင်း အခမ်းအနားသို့ တက်ရောက် အားပေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးမြင့်လှိုင်က ၂၀၀၆–၂၀၀၇ခုနှစ် မိုးစပါးလျာထားဧက ၆၀၆၉၀ အနက် ၆၀၆၉၂ဧက စိုက်ပျိုးပြီးစီးမှု၊ရော်ဘာ ၁၃၉ဧကနှင့် ငရုတ်ကောင်း စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဖြူမြို့နယ် နှမ်းဖဲတောင်ကျေးရွာ မိုးစပါး စံပြဧက ၁၀၀၀၌စုပေါင်းတမန်နှီးခြင်း၊မြေဩဇာကြဲပက်ခြင်းတို့ စုပေါင်းဆောင်ရွက်ကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ပြခန်းများကြည့်ရှု**

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော စပါးရိတ်စက်၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ လယ်ထွန်စက်များနှင့်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပညာပေးပြခန်းတို့ကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူ–မအီလမ်းအတိုင်းထွက်ခွာလာရာ မင်းတပ်တောင်သို့ ရောက်ရှိပြီး ရတနာမိုး ပုဂ္ဂလိကရော်ဘာခြံ ဧက၅၀ကို ကြည့်ရှုစစ်ဆေး၍ ခြံပိုင်ရှင်အား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုးချဲ့စိုက်ပျိုးရေး တိုက်တွန်း မှာကြားသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်း အနော်ရထာခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရမ္မာဝတီခန်းမသို့ ရောက်ရှိကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

အစီအစဉ်အရ ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်က မြို့နယ်ဆိုင်ရာအချက်အလက်များ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဒေသ တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့် တိုင်းမှူး၊ ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**တက်ညီလက်ညီ**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရမ်းဗြဲမြို့နယ်အနေဖြင့် မိုးစပါး၊ပဲ၊ နှမ်း ဆီထွက်သီးနှံများကို လျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်သော်လည်း ကျေနပ်ရောင့်ရဲမနေဘဲ ဆက်လက်တိုးတက်စိုက်ပျိုး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကို ငရုတ်ကောင်းအများဆုံးစိုက်သည့် ပြည်နယ်ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာသတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးကြရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကိုလည်း သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများတွင် လောင်စာအဖြစ် အစားထိုးနိုင်မည့် ဇီဝလောင်စာဆီ ထုတ်ယူနိုင်သော ခြ်စည်းရိုးကြက်ဆူပင်များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လိုအပ်သည့် တံတားကြီး ၁၅ စင်းကိုလည်း တည်ဆောက်ပေးထားသဖြင့် ဒေသဖွံ့ဖြိုးရေးကို များစွာအကျိုးပြုလျက်ရှိကြောင်း အဆိုပါလမ်းနှင့်တံတားများကို ဌာနဆိုင်ရာများနှင့် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းရန်လိုကြောင်း၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက် အောက်ခြေအထိ ကွင်းဆင်းပြီး ပြည်သူများနှင့် ပူးပေါင်းကာ တက်ညီလက်ညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရမ်းဗြဲမြို့နယ် အခြေခံပညာကျောင်းများ အတွက် ထောက်ပံ့ငွေ၊ ဗလာစာအုပ်နှင့် ခဲတံများကို ရမ်းဗြဲမြို့နယ် ပညာရေးမှူး ဦးညိုထွန်းထံပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြ၍ အမျိုးသမီး လူနာဆောင်များနှင့် အမျိုးသား လူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေကြသူများကို ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ထောက်ပံ့ငွေများ ပေးအပ်ပြီး ခွဲစိတ်ခန်း၊ ဆေးစတိုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါက်တာအေးငြိမ်းနှင့် ဆေးရုံအုပ်ကြီးဒေါက်တာဦးသန်းထွဋ်ဦးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များမှာကြားကာ အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာရာ ညပိုင်းတွင် မအီမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**



**ဩဂုတ် ၂၉ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အလုံမြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က တံခွန်စိုက်ဆုရရှိသည့် လသာမြို့နယ်အား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။**
(က–ပ)

● **ရှေ့ဖုံးမှ**

- မိမိထံသို့ တပည့်ခံ၍ ပညာသင်ကြားရန် လာရောက်ကြသည့် တပည့်များအား မိမိတတ်သည့် ပညာများကို ကောင်းမွန်စွာ တတ်မြောက်အောင် သင်ကြားပေးရပါမည်။
- အတတ်ပညာ သင်စဉ်မှာပင် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို တပည့်များ ရရှိခံစားနိုင်စေရန်အတွက် ယဉ်ကျေးအောင် ဆုံးမပြုပြင်ပေးရန်လည်း တာဝန်ရှိပါသည်။
- မိမိတတ်သမျှ ပညာများကို ဆရာစားမချန် ကုန်စင်အောင် သင်ကြားပေးရပါမည်။
- အတတ်ပညာ သင်ပေးခြင်းနှင့် ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမ ပြုပြင်ပေးရုံသာမက တပည့်များ ဘေးဖြစ်စေမည့်အရာများကို ဘေးကင်းလွတ်အောင် သွန်သင်ညွှန်ပြပေးနိုင်ရပါမည်။
- တပည့်များအပေါ်တွင် ထားရှိရမည့် ဆရာကောင်းတို့၏စေတနာမှာ မိမိတပည့်အား မိမိထက်ပင် တတ်သိ လိမ္မာစေရန်အတွက် မိမိထက်ထူးချွန်သော သင့်တော်သည့်ဆရာသမားကြီးများထံသို့ ပေးပို့အပ်နှံပေးရမည်။

သို့မှသာ ရတနာသုံးပါးနှင့်တစ်ဂိုဏ်းတည်းထား ပူဇော်ထိုက်သော ဆရာများဖြစ်ပေမည်။

ဆရာများပြုလုပ်အပ်သော တာဝန်ဝတ္တရားများကို ကောင်းစွာ မှတ်သားစေရန်အတွက် သင်္ဂဇာ ဆရာတော်ကြီးက အောက်ပါအတိုင်း လင်္ကာဖွဲ့၍ မှတ်တမ်းတင်ခဲ့ပါသည်။

## ဆရာကျင့်ဝတ် (၅)ပါး

**အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊**
**ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။**

“ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ”ဟူ၍ အနန္တေ၁အနန္တငါးပါးနှင့် တစ်တန်းတစ်စားတည်းထား၍ တပည့်များ၏ကိုးကွယ်မှုကိုခံယူရသော ဆရာများသည် အားကိုးဆည်းကပ် ကိုးကွယ် အပူဇော်ခံထိုက်အောင် ဆရာများဘက်မှလည်း တာဝန်ကျေပွန်ရန် လိုအပ်လှပေသည်။

ဘုရားဟော ကျမ်းဂန်လာ ဒေသနာတွင် ဆရာ၏အမှားကြောင့် တပည့်နှစ်ဦးသား ဒုက္ခရောက်ခဲ့ရသည့် သာဓကရှိခဲ့ပါသည်။

ဒေဝဒတ်မည်သော ဆရာသမားသည် မိမိ၏ အတ္တကိုယ်ကျိုးအတွက် အဇာတသတ်မင်းသားကို အသုံးချပြီး ဖခင်အား သတ်သည်အထိ လမ်းမှားသို့ရောက်အောင် ပို့ဆောင်ပေးသကဲ့သို့ မိမိနှင့်လက်အောက်ခံ ဂိုဏ်းသံဃာများကိုလည်း ဘုရားနှင့်ယှဉ်ပြိုင်၍ ဂိုဏ်းကွဲ သင်းကွဲဖြစ်အောင် လမ်းမှားသို့ ပို့ဆောင်ခဲ့သည့် ဆရာမိုက်ကြောင့် အဇာတသတ်နှင့် ဒေဝဒတ်၏ တပည့်ရဟန်းများ အပါယ်ငရဲသို့ လားခဲ့ရပါသည်။

အခြားဖော်ပြရမည့်သာဓကတစ်ခုမှာ ဒိသာပါမောက္ခဆရာကြီးသည် လောကီပညာတတ်မြောက်ထူးချွန်သဖြင့် မိမိချစ်ခင်မြတ်နိုး တန်ဖိုးထားခဲ့သော တပည့် အဟိံသကအား မိမိဇနီးနှင့် ဖောက်ပြန်နေသည်ဟူသော အခြားကျောင်းသားများ၏သွေးထိုးစကားကို ယုံမှားသံသယဖြင့် တပည့်အား လူဆိုးကြီး အင်္ဂုလိမာလအဖြစ် ပုံဖော်ပြီး လက်ညှိုးပေါင်းတစ်ထောင်ဖြတ်၍ ဆရာအားပူဇော်ရန် ပညာရှိ နှိပ်စက်နည်းမျိုးဖြင့် နှိပ်စက်သည့်အနေဖြင့် တပည့်အား ရန်သူများပြီး သေနိုင်လောက်သည့်သေရွာသို့ပင် ပို့ဆောင်ပေးခဲ့ပါသည်။

ဤကဲ့သို့ တပည့်များကို အန္တရာယ်များသည့် လမ်းမှားသို့ ပို့ဆောင်ပေးတတ်သည့် ဆရာများလည်း ရှိတတ်သောကြောင့် ဗုဒ္ဓမြတ်စွာက ကေသမုတ္တိသုတ်တွင် “ဆရာတိုင်း (အချို့ ဆရာများကို ဆိုလိုပါသည်)၏ စကားသည် တပည့်များအတွက် အတုယူစရာမဟုတ်”ဟု ဟောကြားတော်မူခဲ့ပါသည်။

ဆရာမှားနှင့်တွေ့ခဲ့ရသဖြင့် ဒုက္ခရောက်ခဲ့ရသော အဇာတသတ်မင်းသားနှင့် အင်္ဂုလိမာလတို့သည် ဆရာကောင်းသမားကောင်းဖြစ်သော ဗုဒ္ဓမြတ်စွာနှင့် ဖူးတွေ့ရသောအခါ အဇာတသတ်မင်းသားအဖို့ ပေးဆပ်ရန်ရှိသော ဝဋ်ကြွေးများ ကုန်ဆုံးသည့်အခါ နောက်ဆုံးဘဝ ပစ္စေကဗုဒ္ဓါ သူတော်ကောင်းအဖြစ်သို့ ပြန်လည်ရောက်ရှိနိုင်မည့် အလင်းရောင်ရရှိသကဲ့သို့ အင်္ဂုလိမာလသည်လည်း ဗုဒ္ဓမြတ်စွာ ဟောကြားသည့် ဓမ္မတရားကို နာကြားရသည့်အခါ နောက်ဆုံး ရဟန္တာကြီး ဖြစ်သွားခဲ့ပါသည်။

ဆရာမိုက်များ၏လမ်းပြညွှန်ကြားမှုကို ကံမကောင်း အကြောင်းမလှ၍ နာယူမှတ်သားခဲ့ရသော တပည့်များရှိပါက နည်းမှန်လမ်းမှန် ညွှန်ပြနိုင်သည့် ဆရာသမားများထံ ချဉ်းကပ်ပြီး မိမိကိုယ်မိမိ ပြုပြင်သွားအပ်လှပေသည်။ ။ **(သာသနာရေး)**

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အာဆီယံပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ ပဉ္စမအကြိမ်အစည်းအဝေးသို့တက်ရောက်

**နေပြည်တော် ဩဂုတ် ၃၁**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းပြုစုရေးပုဂ္ဂိုလ်များ၏ ပဉ္စမအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတက်ရောက်စဉ်အတွင်း ပညာရှင်ပုဂ္ဂိုလ်များအဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် တွေ့ဆုံကာ အာဆီယံစီးပွားရေးအသိုင်းအဝိုင်း ထူထောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီး သဘောထားအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ် The Honourable Dato Seri Abdullah Ahmad Badawi က Putrajaya Marriott Hotel ၌ အာဆီယံပဋိညာဉ်စာတမ်းရေးဆွဲရေး ပညာရှင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုတည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## တရုတ်တွင် ဇီဝလောင်စာဆီ စက်ရုံတည်ဆောက်

ပေကျင်း ဩဂုတ် ၃၁

**တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် အရှေ့ပိုင်းရှိ ဟီဖိုင်မြို့တွင် ဇီဝလောင်စာဆီစက်ရုံတစ်ခုကို တည်ဆောက်လျက်ရှိကြောင်း တရုတ်မီဒီယာများက ဩဂုတ် ၃၀ ရက်၌ ဖော်ပြသည်။**

အဆိုပါစက်ရုံသည် ကောက်ပဲသီးနှံနှစ်တန်ခန့်မှ ဇီဝလောင်စာဆီ တစ်တန်ထွက်ရှိအောင် ထုတ်လုပ်ပေးနိုင်မည့်စက်ရုံလည်းဖြစ်ကြောင်း သိရသည်။ ထိုစက်ရုံကို တစ်နှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ပြီး စက်ရုံတည်ဆောက်မှုအတွက် ကုန်ကျငွေအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂သန်း ရှိမည်ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

### မျှော်မှန်းထား

ထိုဇီဝလောင်စာဆီစက်ရုံကို တစ်နှစ်အတွင်း စတင်လည်ပတ်နိုင်ရန်လည်း မျှော်မှန်းထားပြီး နှစ်စဉ်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၄၅သန်း ရရှိနိုင်မည်ဟုလည်း မျှော်မှန်းထားသည်။

တရုတ်နိုင်ငံတွင် ရေနံနှင့်ဒီဇယ်ဆီများနေရာတွင် အစားထိုးသုံးစွဲနိုင်ရန် အဆိုပါစက်ရုံမှ နှစ်စဉ်ကောက်ပဲသီးနှံတန်ချိန် ၂၀၀၀ ကို သန့်စင်ပြီး ဇီဝလောင်စာဆီအဖြစ် ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

### အသုံးပြု

ထိုဇီဝလောင်စာဆီများကို သန့်စင်ပြီးပါက မော်တော်ယာဉ်များအတွက် လောင်စာဆီအဖြစ် တိုက်ရိုက် အသုံးပြုနိုင်သကဲ့သို့ အခြားအင်ဂျင်များအတွက်လည်း တိုက်ရိုက်ထည့်သွင်း အသုံးပြုနိုင်မည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယနှင့်အီရန် နှစ်နိုင်ငံဆွေးနွေး

**နယူးဒေလီ ဩဂုတ် ၃၁**

အိန္ဒိယသို့ ရောက်ရှိနေသည့် အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဖာရီသည် အိန္ဒိယဒုတိယနိုင်ငံခြားရေးဝန်ကြီး ရာဂျစ်ဆီကရီနှင့် တွေ့ဆုံစဉ် ဩဂုတ် ၂၉ ရက်က နျူကလီးယားကိစ္စနှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဆွေးနွေးခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

### ပြောကြား

နျူကလီးယားကိစ္စနှင့် ပတ်သက်၍ အီရန်နိုင်ငံက ဇေ့စပ်ဆွေးနွေးရန် တံခါးဖွင့်ထားပြီး အိုင်အေအီးအေနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လိုကြောင်း မစ္စတာဆာဖာရီက ပြောကြားသည်။

### လက်ခံ

အိန္ဒိယဒုတိယ နိုင်ငံခြားရေးဝန်ကြီး ရာဂျစ်ဆီကရီက ပြန်လည်ပြောကြားရာတွင် အိန္ဒိယနိုင်ငံကဒေသတွင်း ထိပ်တိုက်ရင်ဆိုင်မှုနှင့် မတည်မငြိမ်ဖြစ်မှုကို မလိုလားကြောင်း၊ အင်အားသုံးခြင်းထက် ပြဿနာများကို တွေ့ဆုံ ညှိနှိုင်းအဖြေရှာရန်သာလိုလားလက်ခံကြောင်း ထုတ်ဖော်ပြောကြားသည်။

### စီစဉ်

လတ်တလောတွင် အီရန်မှ သဘာဝဓာတ်ငွေ့များကို အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများသို့ ပိုက်လိုင်းသွယ်တန်းပေးပို့ရန် စီစဉ်လျက်ရှိသော်လည်း သဘာဝဓာတ်ငွေ့ဈေးနှုန်းနှင့် စပ်လျဉ်း၍ သုံးနိုင်ငံသဘောတူညီချက် မရသေးကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

### မာကမ်ဘာကမ်းခြေ

**ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ မာကမ်ဘာကမ်းခြေ၌ လှိုင်းစီးနေသူများကို ဩဂုတ် ၃၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## လက်ဘနွန်တောင်ပိုင်းရှိ ကုလတပ်များ နှစ်ဆတိုးချနိုင်ရေး ကိုဖီအန်နန်မျှော်လင့်

**ဂျေရုဆလင် ဩဂုတ် ၃၁**

လက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂတပ်များကို အမြန်ဆုံး နှစ်ဆတိုးချထားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ လေကြောင်းနှင့်ရေကြောင်းပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန် အစ္စရေးအား မိမိတိုက်တွန်း မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

### ပြောဆို

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က အစ္စရေးကာကွယ်ရေးဝန်ကြီး ပီရက်ဇ်နှင့်တွေ့ဆုံအပြီးတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး၊လက်ဘနွန်နိုင်ငံ အတွင်းစစ်ပွဲအဆုံးသတ်စေသည့် ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲမှုတွင် ချိုးဖောက်မှုများရှိသည်ဟု အစ္စရေးကဝန်ခံထားကြောင်း ထည့်သွင်းပြောကြားသည်။

### ရောက်ရှိ

မစ္စတာကိုဖီအန်နန်သည် လက်ဘနွန်နိုင်ငံသို့ သွားရောက်ပြီးနောက် အစ္စရေးနိုင်ငံသို့ စောစောပိုင်းက ရောက်ရှိလာခြင်းဖြစ်သည်။

### ရုပ်သိမ်း

ကုလသမဂ္ဂတပ်ဖွဲ့ဝင်များသည် အတော်အတန်ဖြန့်ကြက်သည်နှင့်တစ်ပြိုင်နက် အစ္စရေးကလက်ဘနွန် တောင်ပိုင်းမှတပ်များ ရုပ်သိမ်းပေးမည်ဖြစ်ကြောင်းအစ္စရေးကာကွယ်ရေးဝန်ကြီး ပီရက်ဇ်က ပြောကြားသည်။ သို့သော်၎င်းက အတိအကျ မပြောကြားကြောင်း ရိုက်တာကဖော်ပြထားသည်။

**အမ်အင်အေ၊ရိုက်တာ**

### မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

## နီပေါအမျိုးသားခါဂျင်ဒရာ ကမ္ဘာ့အရပ်အပုဆုံး လူသားဖြစ်လာ

ခတ္တမန္ဒူ ဩဂုတ် ၃၁

**အသက် ၁၄ နှစ်အရွယ် နီပေါအမျိုးသား ခါဂျင်ဒရာသာပန်မာဂါသည်** (အောက်ပုံ)**ကမ္ဘာပေါ်တွင် အရပ်အပုဆုံးလူသားတစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရကြောင်း ဟိုင်မာလာယန် သတင်းစာက ဩဂုတ် ၂၉ ရက်၌ ဖော်ပြသည်။**



နီပေါနိုင်ငံအနောက်ပိုင်း ဘတ်လန်မြို့သား ခါဂျင်ဒရာသာပန် မာဂါသည် အရပ်အမြင့် ၂၀ လက်မသာရှိပြီး ကိုယ်အလေးချိန် ၄ ဒသမ ၅ ကီလိုဂရမ်သာရှိသည်။

### အရပ်အပုဆုံး

ခါဂျင်ဒရာသည် ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် ဂျော်ဒန်မှ ယိုယန်စဗင်စ်နှင့်အပြိုင် ဖြစ်နေသော်လည်း ယိုယန်စဗင်စ်က အရပ်အမြင့် ၂၅ ဒသမ ၅ လက်မရှိကာ ကိုယ်အလေးချိန် ၁၀ ကီလိုဂရမ်ရှိသဖြင့် ခါဂျင်ဒရာက အရပ်အပုဆုံး လူသားဖြစ်လာခြင်းဖြစ်သည်။

### ကြီးထွားမှုရပ်ဆိုင်း

ခါဂျင်ဒရာ၏ ကြီးထွားမှုမှာ အသက် ၁၁ နှစ်အရွယ်၌ ရပ်ဆိုင်းသွားခဲ့ကြောင်း အမေဖြစ်သူ ဒန်မာယာက ပြောကြားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဇင်ဘာဘွေ၌ ရထားနှစ်စင်းတိုက်မိ လူငါးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဟာရာရေး ဩဂုတ် ၃၁

**ဇင်ဘာဘွေနိုင်ငံတွင် ခရီးသည်တင် ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ ဩဂုတ် ၂၇ ရက်က တိုက်မိရာ အနည်းဆုံးလူငါးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ ဩဂုတ် ၂၈ ရက်က ဖော်ပြသည်။**

ဇင်ဘာဘွေနိုင်ငံ ဗစ်တိုရီးယားဖောစ်ဘူတာရုံတွင် ကုန်တင်ရထားတစ်စင်းအား ခရီးသည်တင်မီးရထားက ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ကုန်တင်ရထားမထွက်ခွာမချင်းစောင့်ဆိုင်းရန် သတိပေးသော်လည်း ခရီးသည်တင် မီးရထားက ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

### သေဆုံး

ခရီးသည်သုံးဦးမှာ နေရာ၌ပင်ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားခရီးသည်နှစ်ဦးမှာ ဆေးရုံတွင် သေဆုံးသွား ခြင်းဖြစ်သည်။ သေဆုံးသူများမှာ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ကယ်ဆယ်ရေးအဖွဲ့ဝင်များက တင်ပို့ပေးလိုက်ကြောင်း ဇင်ဘာဘွေမီးရထား အရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဇင်ဘာဘွေနိုင်ငံ ဗစ်တိုရီးယားဖောစ်ဘူတာရုံတွင် ကုန်တင်ရထားနှင့် ခရီးသည်တင်မီးရထားတိုက်မိနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အာဆီယံခြောက်နိုင်ငံတို့ ခရီးသွားလုပ်ငန်း မြှင့်တင်ရန် သဘောတူ

**ဂျကာတာ ဩဂုတ် ၃၁**

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)ဝင် ခြောက်နိုင်ငံတို့သည် ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် လေယာဉ်ခရီးစဉ်များ တိုးချဲ့ရန် သဘောတူညီကြောင်း၊ အင်ဒိုနီးရှား အရာရှိတစ်ဦးက ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။

မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံပါဝင်သည့် ခြောက်နိုင်ငံတို့မှ နိုင်ငံတကာခရီးသွားများသည် တစ်နှစ်လျှင် ၁၅ရာခိုင်နှုန်း ပိုမိုရောက်ရှိရန် သန္နိဋ္ဌာန် ချမှတ်ထားကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဂျေရိုဝါစစ်က ပြောကြားသည်။

၎င်းအာဆီယံခြောက်နိုင်ငံသည် ခရီးသွားလုပ်ငန်း ပူးတွဲမြှင့်တင်ရေးနှင့် နိုင်ငံအသီးသီးရှိ ခရီးသွားလုပ်ငန်းမှ ဝန်ထမ်းများကိုလေ့ကျင့်သင်တန်းပေးရန်လည်း သဘောတူညီကြကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်း ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်နှင့်ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး သတ်မှတ်နေရာ အသီးသီး၌ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကိုတိုင်းမှူးဗိုလ်မှူးချုပ်လှဒွေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ပင်မအဆောက်အအုံအတွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ဒဂုံတက္ကသိုလ်အတွင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒဂုံတက္ကသိုလ်ပရဝဏ်အတွင်း စိုက်ပျိုးမည့်ပျိုးပင်များကို ဒဂုံတက္ကသိုလ်မှ စာပေဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ဖြန့်ဝေပေးသည်။

**ပျိုးပင်များဖြန့်ဝေ**

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်လှဒွေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ပါမောက္ခဦးကျော်မြင့်ဦးတို့က ဒဂုံတက္ကသိုလ်မှ စာပေဌာနများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ပျိုးပင်များကိုဖြန့်ဝေပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ဒဂုံတက္ကသိုလ် ပင်မအဆောက်အအုံမျက်နှာစာရှေ့၌ ကံ့ကော်ပင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်းက ခရေပင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တည်ပင်တို့ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဒွေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ဒဂုံတက္ကသိုလ်ပရဝဏ်အတွင်းရှိသတ်မှတ်နေရာအသီးသီးတွင် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးကြပြီးရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ကျင်းပသော ဒဂုံတက္ကသိုလ်သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ဒဂုံတက္ကသိုလ်စာပေဌာန၁၈ဌာနမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များက ဒဂုံတက္ကသိုလ်ပရဝဏ်အတွင်း ငုရွှေဝါ၊ စိန်ပန်းကြီး၊ မဟော်ဂနီ၊ သဘော်၊ တည်၊ ခရေ၊ စွယ်တော်၊ စိန်ပန်းပု၊ ပန်းမဲဇလီနှင့် ပြည်ပန်းရွှေပျိုးပင်ပေါင်း၃၀၀၀ကျော်တို့ကို တပျော်တပါးစိုက်ပျိုးပေးခဲ့ကြပြီး ပျိုးပင် ၁၀၀၀၀ ပြည့်မီရန် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအားတွေ့ဆုံ၍ နိုင်ငံတော်၏ ပကတိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအဝန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ဒဂုံတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဘွဲ့နှင်းသဘင်၊ စာသင်ဆောင်များအပါအဝင် အဆောက်အအုံများ၊ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ဆရာဆရာမများ အင်အားနှင့် ကျောင်းသားဦးရေ၊ အထူးပြုဘာသာရပ် ၃၁ ခုနှင့် ဘာသာရပ်ဆိုင်ရာအလိုက် သင်ကြားသင်ယူမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**တိုးတက်မြင့်မား**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အမိနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး ကဏ္ဍအလိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တစ်ဝန်း အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ မြို့ပြနှင့်ကျေးလက် ပါမကျန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ စီးပွားရေးခနအင်အား ပိုမိုခိုင်မာတောင့်တင်း

# မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၃၁

**လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး၊ မန္တလေးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။**

**စက်တင်ဘာ ၁ ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး မွန်ပြည်နယ်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့် အတင့်ရှိမည်ဟု သိရသည်။** (မြန်မာ့အလင်း)

# ရေအားလျှပ်စစ်စီမံကိန်းများအတွက် စက်မှုနှင့်လျှပ်စစ်ဆိုင်ရာ ပစ္စည်းများတင်သွင်းပေးပို့ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၃၁

**ရဲရွာ၊ ခပေါင်း၊ ကျိုင်းတောင်း၊ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းများအတွက် လိုအပ်သော စက်မှုနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းများသတ်မှတ်ရက်အမီ တင်သွင်းပေးပို့ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရေအားလျှပ်စစ်စီမံကိန်းများ၏ ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yu Boren၊ ရေအားလျှပ်စစ် စီမံကိန်းများအတွက် စက်မှုနှင့်လျှပ်စစ်ပစ္စည်းများ တင်သွင်းမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများနှင့် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

**ရှင်းလင်းမှာကြား**

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ပစ္စည်းတင်သွင်းမည့် ကုမ္ပဏီများက စက်မှုနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းများ အရောက်ပို့ပေးရမည့် သတ်မှတ်ရက်ကာလများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခပေါင်း ရေအားလျှပ်စစ်စီမံကိန်း အတွက် ပစ္စည်းတင်သွင်းမည့် ကုမ္ပဏီများက စက်မှုနှင့် လျှပ်စစ်ပစ္စည်းများအရောက် ပေးပို့ရမည့် ရက်ကာလနှင့် သင်္ဘော Shipment အလိုက် တင်ပို့ရမည့် ပစ္စည်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း အတွက် ပစ္စည်းတင်သွင်းရမည့် ကုမ္ပဏီနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် ပစ္စည်းတင်သွင်းမည့် ကုမ္ပဏီများက စက်မှုနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းများ အရောက်ပေးပို့ရမည့် ရက်ကာလနှင့် သင်္ဘော Shipment အလိုက် တင်ပို့ရမည့်ပစ္စည်းများနှင့်စပ်လျဉ်း၍လည်းကောင်းရှင်းလင်းမှာကြားသည်။

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ရဲရွာရေအား လျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ Transmission Line နှင့် Sub Station အတွက် တင်ပို့ပေးရမည့်ပစ္စည်းများကို ပစ္စည်းတင်သွင်းမည့် ကုမ္ပဏီက အရောက်ပို့ပေးရမည့် ရက်ကာလကို သတ်မှတ်မှာကြားသည်။

ထို့နောက် COLENCO Consulting ကုမ္ပဏီမှ Mr. Thomas Hagenbucher၊ Kansai ကုမ္ပဏီမှ Porject မန်နေဂျာ Mr. TSUTSUI၊ CGGC ကုမ္ပဏီ Project Manager Zhu Dong Ru၊ CNEEC ကုမ္ပဏီမှ Lin Xiangdong၊ CCYW ကုမ္ပဏီမှ Project Manager Mr. He Yi နှင့် CHMC ကုမ္ပဏီမှ President Lu Wenjun တို့က ရေအားလျှပ်စစ် စီမံကိန်းများ အတွက် စက်မှုနှင့်လျှပ်စစ်ဆိုင်ရာ ပစ္စည်းများ တင်ပို့မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**ကဏ္ဍအလိုက်**

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီ တာဝန်ခံ Mr. Yu Boren ၊ High Tech Concrete Technology ကုမ္ပဏီမှ ဦးအောင်ဇော်နိုင်၊ Asia World ကုမ္ပဏီမှ ဒါရိုက်တာဦးမောင်ကျေးနှင့် Myan Shwe Pyi ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်ဝင်းတို့က ယင်းတို့၏ ကဏ္ဍအလိုက် ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက တင်ပြချက်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြွယ်ဝရေးအတွက် အခြေခံအဆောက်အအုံများကို တည်ဆောက်ပြီး အဓိကကျသည့် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုအပါအဝင် ကဏ္ဍအလိုက် ဟန်ချက်ညီညီ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်ခဲ့၍ နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကလည်း နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်သိရှိပြီး တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ပေးအပ်သည့်တာဝန်ကို ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးခနအင်အား တောင့်တင်းခိုင်မာရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် တည်မှီလျက်ရှိကြောင်း။

**အကြားအလပ်မရှိဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို မည်သည့်ခေတ်နှင့်မျှမတူ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်၍ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များကို မိမိနေရပ်မှာပင် ပညာသင်ကြားနိုင်ရန် ဖွင့်လှစ်ပေးနေသကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ပညာရည်မြင့်မားရေး အတွက်ပါ အကြားအလပ်မရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ကျောင်းသားကျောင်းသူများအနေဖြင့် ပညာကိုကြိုးစားသင်ကြားရန်လိုကြောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**



# ဘုရင့်နောင်ဈေးမိသားစု စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၁**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး၏ (၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၉နာရီက ဈေးသာယာရေးရုံးတွင်ကျင်းပရာ သွေးလှူဒါန်းပွဲကော်မတီဥက္ကဋ္ဌ ဦးလှအေး၊ အတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် ကော်မတီဝင်များ ဈေးသူဈေးသားများ၊ အလှူရှင်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန ကထိကရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသီတာအောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် အမျိုးသားသွေးဌာနမှ ကထိကရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသီတာအောင်ထံ အမျိုးသားသွေးဌာနအတွက် အလှူရှင်များက အလှူငွေကျပ် ၁၂၅၀၂၈၀ကို ပေးအပ်လှူဒါန်းပြီး ဈေးသူ ဈေးသား ၂၆၈ဦးက သွေးများ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဘုရင့်နောင်ဈေးကြီး ဈေးသူဈေးသားများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ ပဉ္စမအကြိမ်မြောက် သွေးပုလင်း ၁၀၉၂ ပုလင်းနှင့် အလှူငွေကျပ် သိန်း ၄၀ ကျော် လှူဒါန်းပြီး ဖြစ်ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာမိုင်ကယ် စတန်းဘတ်ခ်အား ခန့်အပ်ရန် ဒိန်းမတ်အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာမိုင်ကယ်စတန်းဘတ်ခ်သည် ၁၉၇၀ပြည့်လွန်နှစ်များအတွင်း ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်တွင်လည်းကောင်း၊ ကမ္ဘာ့ဘဏ်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၉ခုနှစ်တွင် ဒိန်းမတ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ကာ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနခွဲအသီးသီး၌လည်းကောင်း၊ နယူးဒေလီမြို့နှင့် နိုင်ရိုဘီမြို့တို့ရှိ ဒိန်းမတ်နိုင်ငံ သံရုံးများ၌လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၅ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ မစ္စတာမိုင်ကယ်စတန်းဘတ်ခ်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ လောလောဆယ်တွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး သီရိလင်္ကာနိုင်ငံ၊ ဘူတန်နိုင်ငံနှင့် မော်ဒိုက်နိုင်ငံတို့ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာမိုင်ကယ်စတန်းဘတ်ခ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ကာတာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှိတ်အာမက် ဘင်ဂျက်ဆင်ဘင်ဂျာဗားအယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ဒို့ကျေးရွာဂျာနယ် ထွက်ပြီ

**ရန်ကုန် ဩဂုတ် ၃၁**

ကျေးလက်ပြည်သူတို့အား ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ် (၁၇)ကို စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီး ဖြစ်သည်။

**ဖော်ပြထား**

ယင်းဂျာနယ်၌ ပြောင်းလဲလာသော ပျိုးထောင်ကောက်စိုက်စနစ်၊ ပိုးမွှားအန္တရာယ်ကို သဘာဝနည်းဖြင့် ကာကွယ်ခြင်း၊ ကန်းစွန်းပင်၏ အာနိသင်၊ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးဝင်ငွေတိုး၊ သစ္စာပန်းစိုက်ပျိုးရေး၊ ဟင်းခတ်အမွှေးအကြိုင်တို့၏ အာနိသင်၊ အရက်ကိုဓာတ်ပြောင်းစေသည့်အပင်၊ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါအတွက် လက်တွေ့အသုံးချဆေးပင်များ၊ ဆေးဖက်ဝင်စပါးလင်၊ ဦးဦးအတွက် ဆေးတစ်ခွက်၊ ဝက်စာတွင်ပါဝင်ရမည့် အခြေခံအာဟာရများ၊ ကျွဲနွားအပုပ်ရုပ် အအေးမိရောဂါ၊ ဘဲဝမ်းကျရောဂါ၊ ငါးမွေးမြူရေးလုပ်ငန်း၊ ဒို့ကျေးရွာ အရဏ်ဦးနှင့် ဒို့ကျေးရွာသား ကလေးများစသည့် ကျေးလက်ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများ၊ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်း စသည်တို့ဖြင့် သုတ၊ ရသ၊ စုံလင်စွာဖော်ပြထားသည်။

**ဆက်သွယ်နိုင်**

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာများကို အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် (ဦးတင်နိုင်) တစ်လပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့် အိမ်ရာတိုက် ၆ အခန်း ၆ နေ ဇနီး ဒေါ်နုခင်နှင့် သားသမီး မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ဦးဝိနယဓရ (ဝံသမေဒနီစာသင်တိုက်) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် အဘိုးအဘွားများနှင့် မိဘများ ဖြစ်ကြသော (ဦးသိန်းမောင်-ဒေါ်ခင်မြ)တို့အား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း ရွှေဘိုလမ်း အမှတ် ၁၂ နေ သမီးများ ဖြစ်ကြသော ဒေါ်လှကြည်၊ဒေါ်အေးမြင့်ကြည်၊ ဒေါ်စန်းစန်းရီ၊ ဒေါ်သုနန္ဒီနှင့် ဒေါ်မြင့်မြင့်စိန်၊ မြေး မခိုင်သဥ္ဇာထွန်း မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ(M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။**(က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၁-၉-၂၀၀၆ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၅ ၈။ အကပြိုင်ပွဲ
- ၈:၃၅ ၉။ တံငါတံတား
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading.
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ **"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၉)
- ၁၇:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၉။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) ပညာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၂၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၁၀ ၁၃။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၂၀)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"**(အပိုင်း-၁၆)

## အထွေထွေရောဂါကုဆရာဝန်များ မွမ်းမံသင်တန်းကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုး ရောဂါပညာအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါကု ဆရာဝန်များအတွက် မွမ်းမံသင်တန်းကို Common Geriatric Orthopaedic Problems ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန် အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ယင်းနေ့နံနက် ၇ နာရီခွဲမှ စတင်၍ မှတ်ပုံတင်ပြီး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွာရန် ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

## တုပ်ကွေးအန္တရာယ် သွေးသွင်းကုသခြင်းဖြင့် လျှော့ချနိုင်

အနာဂတ်ကာလတွင် တုပ်ကွေးရောဂါဖြစ်မှုကြောင့် သေဆုံးသူဦးရေကို သွေးသွင်းကုသခြင်းဖြင့် လျှော့ချနိုင်တော့မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောဆိုသည်။ ကမ္ဘာတစ်ဝန်း လူသန်း ၁၀၀ သေဆုံးခဲ့သည့် ၁၉၁၈ ခုနှစ်မှ ၁၉၂၀ပြည့်နှစ်အထိ ဖြစ်ပွားသော တုပ်ကွေးရောဂါမှတ်တမ်းများကို အမေရိကန် သုတေသနပညာရှင်များက လေ့လာခဲ့သည်။

**တွေ့ရှိထား**

တုပ်ကွေးရောဂါဖြစ်ပွားပြီး နာလန်ထူလာသူထံမှ ထုတ်ယူသည့် သွေးရည်ကြည်ဖြင့် တုပ်ကွေးဗိုင်းရပ်စ်ပိုးကြောင့် ဆေးရုံတက်ရသူများ၏ ရောဂါအခြေအနေမှာ တိုးတက်ကောင်းမွန်အောင်ကုသနိုင်သည်ကို ပညာရှင်များက တွေ့ရှိထားသည်ဆို၏။

နာလန်ထသူတစ်ဦးတည်းကပင် အခြားရောဂါရှင်အများအပြားအား ကုသရန် သွေးရည်ကြည် အလုံအလောက် ထုတ်ပေးနိုင်သည်ကိုလည်း တွေ့ရသည်ဆိုသည်။

**လူလူချင်းကူးစက်**

ထို့ပြင် တုပ်ကွေးဗိုင်းရပ်စ်ပိုးသည် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ် $H_5N_1$ နှင့် နီးစပ်သည့်အတွက် ကြက်ငှက်တုပ်ကွေးရောဂါအတွက်ပါ အားရဖွယ်ဖြစ်သည်။ ၂၀၀၃ခုနှစ်ကစပြီး အာရှ၌ လူ၁၄၀ခန့် သေဆုံးသည့် ကြက်ငှက်တုပ်ကွေးရောဂါမှာ လူလူချင်းကူးစက်လျှင် ကပ်ဆိုက်ကာ အစုအပြုံလိုက် သေစေနိုင်သည့်ရောဂါဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

## မဒေါက်မြို့ ခိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၃၁

**စစ်တောင်း မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၄၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သိရသည်။**

(မြန်မာ့အလင်း)

## မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၁**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်အား မန္တလေးမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကွင်းဆင်းလေ့လာရန် ရောက်ရှိနေသော EUROPEAN UNION Delegation of the European Commission, Health and Food Safety မှ Minister-Counsellor, Mr.Patrick Deboyser သည် ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေလိုက်ပါလျက် ဩဂုတ် ၃၀ ရက်တွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတိုင်းဦးစီးမှူးရုံးသို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ၂၀၀၆ ခုနှစ် မတ်လအတွင်းက မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါကင်းရှင်းရေးတို့အတွက် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှုတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပွင့်လင်းကြည်လင်စွာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ဥရောပကော်မရှင်အနေဖြင့် ကမ္ဘာ့ဘဏ်မှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် နည်းပညာများ အထောက်အကူပေးရေး ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း လိုအပ်သည်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

**လေ့လာ**

ထို့နောက် Mr. Patrick Deboyser နှင့် အဖွဲ့သည် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန် ကျန်းမာရေး အထက်မြန်မာပြည်ဓာတ်ခွဲခန်းကိုလည်းကောင်း၊ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာ အောင်ကျော်မိုး၏ ကြက်မွေးမြူရေးခြံတို့ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှု လေ့လာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ လသာမြို့နယ် ၁၈လမ်း အမှတ် ၁၄၃ / ၁၄၅ အခန်း ၆ နေ ဦးကြည်မောင်-ဒေါ်ရီရီနှင့် Myanmar PLG Co.,Ltd. မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# မာဒေးကားဖလားဆွတ်ခူးရရှိခြင်းမှာ ဆီးဂိမ်းအတွက် တံခါးခေါက်လိုက်ခြင်းဖြစ်

## ဝါရင့် အားကစားကလောင်ရှင် မောင်ရဲဝင်း သုံးသပ်ပြောကြား



၁၉၆၄ ခုနှစ် မာဒေးကား ဘောလုံးပြိုင်ပွဲ၌ အိန္ဒိယအသင်းကို အနိုင်ယူပြီး ဗိုလ်စွဲခဲ့သည့် မြန်မာဘောလုံးအသင်း အမိနိုင်ငံပြန်အရောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ လွှင့်ထူကာ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၃၁**

၃၅နှစ်တာ ကင်းဝေးခဲ့ရသော မာဒေးကားဆုဖလားကို မြန်မာဘောလုံးအသင်း အမိမြေသို့ ပြန်လည်သယ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာလူငယ်ဘောလုံးသမားတို့ ကြိုးစားမှုကြောင့် ထိုက်ထိုက်တန်တန်ရရှိခဲ့သော မာဒေးကားချန်ပီယံဆုကြောင့် မြန်မာဘောလုံးပရိသတ် ပျော်ရွှင်မဆုံးဖြစ်လျက်ရှိရာ နေရာတိုင်းတွင် မာဒေးကား ဘောလုံးပွဲအကြောင်း လွှမ်းမိုးနေသည်။

မာဒေးကား ချန်ပီယံဆုသည် မြန်မာဘောလုံးအသင်းနှင့် ဒွန်တွဲနေခဲ့ဖူးသည်။ မြန်မာ ဘောလုံးအဆင့်အတန်း အာရှ၌ အမြင့်ဆုံးဖြစ်ခဲ့ရာ ၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁ နှင့် ယခု ၂၀၀၆ ခုနှစ် မာဒေးကားချန်ပီယံဖြစ်ခဲ့သည့် မြန်မာ့ဘောလုံးအသင်းနှင့် မာဒေးကားဘောလုံးပြိုင်ပွဲအနေအထားကို ကိုယ်တိုင် သတင်းသွားရောက်ယူခဲ့ဖူးသည့် ဝါရင့် အားကစားကလောင်ရှင် ဆရာ မောင်ရဲဝင်းနှင့် မြန်မာ့အလင်း သတင်းအဖွဲ့ ယနေ့ သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

ပထမဦးစွာ မြန်မာဘောလုံးအသင်း မာဒေးကားဘောလုံးပြိုင်ပွဲ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပုံနှင့် ပတ်သက်ပြီး မောင်ရဲဝင်းအား မေးမြန်းရာ "မာဒေးကားဘောလုံးပြိုင်ပွဲကို ၁၉၅၇ ခုနှစ်က စတင်ကျင်းပခဲ့တာ အဲဒီနှစ်မှာပဲ မြန်မာဘောလုံးအသင်း စတင်ယှဉ်ပြိုင်တယ်။ မြန်မာဘောလုံးအသင်း နည်းပြကတော့ ယူဂိုဆလားဗီးယား နည်းပြ မစ်ထရိုဗစ်ဖ် ဖြစ်ပါတယ်။ မြန်မာတို့ အနိုင်မရခဲ့ပါဘူး။ အဲဒီတုန်းက မြန်မာ့ဘောလုံးသမားတွေ တကယ်ကောင်းပါတယ်။ နည်းပြ မစ်ထရိုဗစ်ဖ် လူထုတ်သုံးမှု အားနည်းလို့ ဖြစ်ခဲ့ရတာပါ"ဟု ဦးစွာရှင်းပြသည်။

### အကြီးကျယ်ဆုံး

ထိုစဉ်က မာဒေးကားဘောလုံးပြိုင်ပွဲသည် အာရှ၌ အကြီးကျယ်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပြီး မလေးရှားနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၅၇ ခုနှစ် ဩဂုတ် ၃၁ ရက်နှင့် ကိုက်ညီအောင် ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ မာဒေးကားသည် မလေးရှား စကားဖြစ်ပြီး လွတ်လပ်ရေးဟု အဓိပ္ပာယ်ရသည်။ မလေးရှား လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲဖြစ်သော်လည်း အာရှ၌ ဂုဏ်ဒြပ်မြင့်မားသော ဘောလုံးပြိုင်ပွဲအဖြစ် ရပ်တည်ခဲ့သည်။

မာဒေးကား ဘောလုံးပြိုင်ပွဲဝင် အသင်းဝင်များ ရွေးချယ်မှုနှင့် ပတ်သက်၍လည်း မောင်ရဲဝင်းက "ဒီပြိုင်ပွဲမှာပါဝင်မယ့် ဘောလုံးအသင်းတွေကို မလေးရှားနိုင်ငံက ရွေးချယ်တယ်။ ရွေးချယ်ရာမှာ အာရှမှာ ခြေစွမ်းပြနိုင်တဲ့ အသင်းဖြစ်ရမယ်၊ အာရှအဆင့် နိုင်ငံတကာဘောလုံးပွဲတွေမှာ နိုင်ပွဲများတဲ့အသင်း ဖြစ်ရမယ်၊ အာရှအဆင့်မီရမယ်၊ ဒီလိုအခြေခံမှုတွေနဲ့ ကိုက်ညီတဲ့ အသင်းတွေကို ဖိတ်ခေါ်ပြီး ယှဉ်ပြိုင်စေတာပါ။ ပြိုင်ပွဲစတင်ကတည်းက ဘောလုံးအသင်းအရေအတွက်ကို မကန့်သတ်ခဲ့ပါဘူး။ အများဆုံး ၁၁ သင်းအထိ ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့သလို အနည်းဆုံး လေးသင်းအထိ ရွေးချယ် ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့တဲ့ နှစ်တွေလဲ ရှိခဲ့ပါတယ်"ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

### ပထမဆုံး

တစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပခဲ့သည့် မာဒေးကားဘောလုံးပြိုင်ပွဲ၌ မြန်မာဘောလုံးအသင်း နှစ်စဉ်နီးပါး ဖိတ်ခေါ်ခြင်းခံခဲ့ရသည်။ ပထမဆုံး ဗိုလ်စွဲခဲ့သည့်နှစ်မှာ ၁၉၆၄ ခုနှစ် မာဒေးကားဘောလုံးပြိုင်ပွဲဖြစ်ပြီး အိန္ဒိယအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ကာ မာဒေးကားဖလား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြန်မာဘောလုံးအသင်းခေါင်းဆောင်မှာ ဗဟာဒူးဖြစ်ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းခဲ့သူမှာ တိုက်စစ်မှူး ဝင်းမောင်ဖြစ်သည်။

မာဒေးကား ဘောလုံးပြိုင်ပွဲ၌ ပထမဆုံးဗိုလ်စွဲခဲ့ခြင်းနှင့် ပတ်သက်၍ မောင်ရဲဝင်းက "ဒီပွဲမှာ မြန်မာတို့က တိုက်စစ်၊ ခံစစ်မျှတတယ်။ အိန္ဒိယက ခြေစွမ်းအကောင်းဆုံးဖြစ်နေတဲ့ အချိန်ပါ၊ ဒါကို မြန်မာအသင်းနိုင်အောင် ကစားခဲ့ပါတယ်။ အဲဒီလို ဗိုလ်စွဲခဲ့တဲ့ အကျိုးဆက်ကတော့ ၁၉၆၅ ခုနှစ် ဆီးဂိမ်းမှာ မြန်မာဘောလုံးအသင်း ထိုင်းနဲ့ ပူးတွဲ တတိယရရှိခဲ့ခြင်းဖြစ်တယ်။ ဒီလိုပဲ ၁၉၆၆ ခုနှစ် မာဒေးကား ဘောလုံးပွဲမှာ မြန်မာအသင်း ဒုတိယရတယ်။ တောင်ဗီယက်နမ် (ထိုစဉ်က တောင်နှင့် မြောက် ဖြစ်နေချိန်)က တစ်ဂိုး–ဂိုးမရှိနဲ့ ဗိုလ်စွဲသွားတာပါ။ အဲဒီမှာထူးခြားတာက မြန်မာဂိုးသမား တင်အောင်ဟာ ဗိုလ်လုပွဲအထိ တစ်ဂိုးမျှ အသွင်းမခံရအောင် ကာကွယ်နိုင်ခဲ့ပြီး ဗိုလ်လုပွဲရောက်မှ တောင်ဗီယက်နမ် တိုက်စစ်မှူး ရှုရင်ဗန်ချူး သွင်းတဲ့ဂိုးပဲ အသွင်းခံရတယ်။ ဒုတိယရခဲ့တဲ့ အကျိုးဆက်ကတော့ အဲဒီနှစ်မှာပဲ မြန်မာတို့ ထိုင်းနိုင်ငံ ဗန်ကောက်မှာ အာရှချန်ပီယံဖြစ်ခဲ့တာပဲ။ ဒီပွဲမှာ အီရန်ကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရပြီး ဂိုးသွင်းခဲ့သူက တိုက်စစ်မှူး အောင်ခင်ဖြစ်ပါတယ်"ဟု ဆက်လက်ရှင်းပြသည်။



**အောင်ပွဲခံ**

**၁၉၆၄ ခုနှစ် မာဒေးကား ဘောလုံးပြိုင်ပွဲ၌ အိန္ဒိယအသင်းကို အနိုင်ယူပြီး ဗိုလ်စွဲခဲ့သည့် မြန်မာဘောလုံးသမားများ နိုင်ငံတော်အလံဖြင့် ဤသို့ အောင်ပွဲ ခံခဲ့ကြသည်မှာ...။**

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ထို့အတူ ၁၉၆၇ ခုနှစ် မာဒေးကား ပွဲတွင်လည်း မြန်မာအသင်း တောင်ကိုရီးယားနှင့် တစ်ဂိုးစီသရေကျကာ ပူးတွဲ မာဒေးကားချန်ပီယံဖြစ်ခဲ့သည်။ ထိုအကျိုးဆက်မှာ ၁၉၆၇ ခုနှစ် ဒီဇင်ဘာ၌ ဗန်ကောက်တွင် ကျင်းပသော ဆီးဂိမ်း၌ မြန်မာအသင်း တောင်ဗီယက်နမ်ကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရ ဗိုလ်စွဲခဲ့သည့် ရလဒ်ရရှိခဲ့ခြင်းပင် ဖြစ်သည်။

### ဗိုလ်စွဲပြန်

တစ်ဖန် ၁၉၇၁ ခုနှစ် ဩဂုတ်၌ ကျင်းပသည့် မာဒေးကားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာက အင်ဒိုနီးရှားကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်စွဲခဲ့ပြန်သည်။ မြန်မာအသင်းခေါင်းဆောင် လှဌေးက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ မာဒေးကား၌ ဗိုလ်စွဲခဲ့သလိုပင် ၁၉၇၁ ခုနှစ် မလေးရှား၌ ကျင်းပသည့် ဆီးဂိမ်းတွင် မြန်မာအသင်း ဗိုလ်စွဲကာ ချန်ပီယံဖြစ်ခဲ့သည်။ ထိုပွဲ၌ မလေးရှားကို နှစ်ဂိုး–တစ်ဂိုးဖြင့် မြန်မာတို့ နိုင်ခဲ့ခြင်းဖြစ်သည်။



**"မာဒေးကား ဘောလုံးပြိုင်ပွဲဟာ အစဉ်အလာ ကြီးမားတယ်၊ မာဒေးကားဖလား ရရှိခြင်းဟာ ဆီးဂိမ်း အောင် မြင် မှု အတွက် တံခါး ခေါက်လိုက်ခြင်း ပဲဖြစ်" ဝါရင့်အားကစား ကလောင် ရှင် မောင်ရဲဝင်း။**

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

### မြန်မာတွေဂုဏ်ယူ

ယခု ၂၀၀၆ ခုနှစ်၌ မြန်မာဘောလုံးအသင်း မာဒေးကားဖလား ရရှိခဲ့သည့်အပေါ် မောင်ရဲဝင်းက "မြန်မာနဲ့ မာဒေးကားဖလားက အစဉ်အလာရှိတယ်။ မာဒေးကားဖလားရပြီးတိုင်း ဆီးဂိမ်းမှာ မြန်မာအသင်း အောင်ပွဲရခဲ့တာချည်းပဲ၊ ဒါကြောင့် ဒီအောင်ပွဲဟာ မြန်မာဘောလုံးအသင်း အနေနဲ့ ဆီးဂိမ်းအောင်မြင်မှုရဖို့ တံခါးခေါက်လိုက်ခြင်းဖြစ်တယ်။ ဒီပွဲအနိုင်ရခြင်းဟာ မြန်မာတို့ရဲ့ ဂုဏ်ဒြပ်ကို မြင့်မားစေတယ်။ ပြိုင်ပွဲဝင်အသင်းအရေအတွက်က အဓိကမကျဘူး၊ ဘောလုံးအသင်းတွေရဲ့ အရည်အသွေးနဲ့ ယှဉ်ပြိုင်မှုက အဓိကကျတယ်။ မာဒေးကားဘောလုံးပွဲဟာ အာရှမှာ တကယ်အစဉ်အလာကြီးမားတဲ့ပြိုင်ပွဲပါ၊ မြန်မာတွေ ဂုဏ်ယူရမယ့် ပွဲလဲဖြစ်တယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြလိုက်သည်။

မာဒေးကားဖလား ရရှိခြင်းသည် မြန်မာ့ဘောလုံးအသင်း အောင်မြင်မှု၏ အရေးပါသော ခြေလှမ်းတစ်လှမ်းဖြစ်ရာ မာဒေးကားမှသည် ဆီးဂိမ်းအောင်မြင်မှု၊ ဆီးဂိမ်းအောင်မြင်မှုမှသည် အာရှအဆင့် အောင်မြင်မှုများသို့ တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးစားသွားရမည်ဖြစ်ပါကြောင်း ဆရာ မောင်ရဲဝင်းနှင့် တွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**





**၁၉၆၄ ခုနှစ် မာဒေးကားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အိန္ဒိယနှင့် မြန်မာတို့ ယှဉ်ပြိုင်ကစားရာ အိန္ဒိယတိုက်စစ်မှူးများ၏ ထိုးဖောက်ဂိုးသွင်းမှုကို မြန်မာအသင်းဂိုးသမား ခင်မောင်ထွန်း ကာကွယ်ခဲ့စဉ်။**

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

## မြန်မာနိုင်ငံပြီ

❋ မြန်မာအသင်းကား မာဒေးကားတွင်
ရွှေကားသုံးခါ ငွေသုံးခါနှင့်
ကြေးမှာလေးလီ ရခဲ့သည်ကို
စုံညီမှတ်ရ ရှိခဲ့စွ။

❋ ယခုတစ်ဖန် ဗိုလ်စွဲပြန်ကာ
ကေန်နိုင်ပြီ သိလိုက်သည်တွင်
ပြည်ထောင်စုအလံ ကိုင်စွဲမှန်၍
လွင့်ပျံ့စေသား လေသို့အားလျှင်
ပြည်သားပီစွ ပီပေစွ။

❋ မြန်မာ့ရုပ်သံ တီဗွီဖန်က
စစ်မှန်နိုင်ကြောင်း ထပ်လောင်းသိလာ
"မြန်မာနိုင်ပြီ" စုံညီတေးသွား
မြင်ကြားလိုက်စဉ် ဘဝင်နှလုံး
ပီတိဖုံး၍ ရွှင်ပြုံးပျော်ကာ
ဝမ်းသာလွန်းစွ သာလွန်းစွ။ ။

**ဒေါက်တာသန်းဦး**

**တွေ့ဆုံမေးမြန်းသူ**
**မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ–တင်စိုး**
**(မြန်မာ့အလင်း)**



## ကြိုဆိုနှုတ်ဆက်

**ဩဂုတ် ၃၁ ရက်က မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato' Shahamddin Bin Md. Som နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

* ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇန်းမော်မြို့နယ် စီဟဲကျေးရွာအုပ်စုသို့ရောက်ရှိကြပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

### ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မြို့ဝင်မြို့ထွက် မိုးစပါးဧက ၁၀၀ စံပြကွက် ကွင်းအမှတ် ၁၈၅ ရှင်းလင်းဆောင်၌ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဒေါ်မေသစ်က ကျေးရွာအုပ်စုရှိ လယ်မြေ ၂၃၂ ဧကတွင် အထွက်တိုးမိုးစပါးများ စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးတို့သည် တစ်ဆက်တစ်စပ်တည်း ၂၁၉ ဧက စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းအတွင်းရှိ ဒေါ်အဲမွန်၏ ဆင်းရွှေလီမိုးစပါး စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန်စီမြို့၏ ကားလမ်းဘေး ဝဲယာတစ်လျှောက်ရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများ၊ မိုးစပါးစိုက်ခင်းများနှင့် မန်စီမြို့နယ် ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ၁၆ ဧကတို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇန်းမော်မြို့မှ ၂၇ မိုင်အကွာရှိ ဇန်းမော်မြို့နယ် ကောင်းတုံကျေးရွာသို့ ရောက်ရှိကြရာ ရပ်မိရပ်ဖ ဦးကျော်ညွန့်က စိုက်ပျိုးမြေထွန်ယက်ရာမှ ပေါ်ထွက်လာသည့် ရှေးဟောင်းသမိုင်းဝင် မြင်းပါးချုပ်၊ ဆင်ခလုတ်၊ မြင်းခလုတ်၊ အမြောက်ဆန်နှင့် လှံသွားတို့ကို ရှင်းလင်းပြသသည်။

### ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကောင်းတုံခံတပ်မြို့ဟောင်း စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော် ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အာရုံခံတန်ဆောင်း၌ ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို မေးမြန်းကာ စပါးနှင့် ရာသီ သီးနှံ၊ နှစ်ရှည်သီးနှံများစိုက်ပျိုးရေး မှာကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် ငွေကျပ်ငါးသိန်းကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသောင်းမြင့်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး-သပိတ်ကျင်း-တကောင်း-ရွှေကူ- ဇန်းမော်ကားလမ်း မိုင်တိုင်အမှတ်(၁၅၉)ရှိ စင်းခန်းတံတားသို့ရောက်ရှိကြပြီး တံတား၏ကြံ့ခိုင်မှု၊ စင်းခန်းချောင်း၏ ရေစီးရေလာနှင့် တံတားပြုပြင်ထိန်းသိမ်းမှုတို့ကိုကြည့်ရှုစစ်ဆေးကြရာ တံတားအထူးအဖွဲ့(၁၆)မှ အငယ်တန်းအင်ဂျင်နီယာ ဦးကြည်က ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့နယ်အစ မိုင်တိုင်အမှတ်(၁၅၆)မှ နေ၍ ဇန်းမော်-ရွှေကူအကြား ဧရာဝတီမြစ် ဒုတိယမြစ်ကျဉ်း၏ ရေစီးဆင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၅၀/၆)ရှိ ရှုခင်းသာ (ကျီးကန်းပါးစပ်)သို့ရောက်ရှိကြပြီး ဧရာဝတီမြစ် ဒုတိယမြစ်ကျဉ်း၏ ရေစီးဆင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

### ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး-ရွှေကူလမ်းခွဲသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များနှင့်အတူ ရွှေကူမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်ရှိ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာ ၂၈ ရွာတို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား တွေ့ဆုံကြသည်။

### တက်ညီလက်ညီ

ရှေးဦးစွာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်က ပြည်ထောင်စုကြီး၏ အစိတ်အပိုင်း ဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ၊ ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာအာဏာပိုင်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ စီမံကိန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများသည် ယခင်က ရွှေကူမှ မန္တလေးသို့သွားလိုပါက ရေကြောင်းခရီးဖြင့် သပိတ်ကျင်းတွင် တစ်ညအိပ်ပြီးမှ ရောက်ရှိကြကြောင်း၊ ယခုအခါ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် မြစ်ကြီးနား-ဇန်းမော်-တကောင်း-မန္တလေးလမ်းကို ဖောက်လုပ်ပေး၍ တစ်ရက်တည်းဖြင့် ခရီးပေါက်နေပြီဖြစ်ကြောင်း၊ အဆိုပါ လမ်း၊ တံတားများ တည်တံ့ခိုင်မြဲစေရန် ပြည်သူများက အသိရှိရှိဖြင့် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းရန်လိုကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကသီးနှံဖြစ်သော မိုးစပါး၊ ကြက်ဆူ၊ ရော်ဘာနှင့် ကြံသီးနှံတို့ကို လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဝီရိယစိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အိမ်ခြံဝင်း၊ လမ်းဘေးဝဲယာတစ်လျှောက်နှင့် မြေကွက်လပ်ရှိသမျှ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသဆိုင်ရာအာဏာပိုင်များကလည်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏စေတနာကို တုံ့ပြန်သောအားဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးကို တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရွှေကူမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းများအဖြစ် အရှည် ၁၂ မိုင်ရှိ ဆိပ်သာ-သာယာကုန်း-လိပ်ထုံးလမ်း၊ အရှည် ၂၉ မိုင်ရှိ ကျောက်ကြီး-အမတ်ကြီးကုန်း-လွတ်အောင်-ဆင်ဘိုလမ်း၊ အရှည် ၁၁ မိုင်ရှိ မြို့လှ-အမတ်ကြီးကုန်း-ကသာလမ်းနှင့် အရှည် ၁၁ မိုင် ခုနစ်ဖာလုံရှိ ကျောက်ကြီး-မင်းကျောင်းကုန်းလမ်းတို့ကို မြေသားလမ်းများအဖြစ်လည်းကောင်း၊ အရှည်ပေ ၁၅၀၊ အကျယ် ၁၄ ပေရှိ မြို့လှတံတားကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပြီးဖြစ်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူ တပ်နယ်သို့ရောက်ရှိကြ၍ တပ်နယ်အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်၊ စားဖိုဆောင်သီးနှံ၊ နာနတ်၊ ငှက်ပျော၊ တညင်း၊ သီဟိုဠ်နှင့် မန်ကျည်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နယ်မြေခံတပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ခြံအမှတ်(၁)ရှိ အပင် ၅၀၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ ကြံစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးဆန်နီက ကြံ စိုက်ပျိုးမြေ ၁၂၁ ဒသမ ၈၁ အတွက် ကြံတန်ချိန် စုစုပေါင်း တန် ၆၀၀ စိုက်ပျိုးပြီးစီးမှု၊ ကြံသက်တမ်းနှင့် ပေါက်ရောက်ရှင်သန်မှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### တိုးချဲ့စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းရှင်များကို စိုက်ပျိုးရန်အားပေးနေသကဲ့သို့ စိုက်ပျိုးနိုင်သမျှမြေများကို စီမံဆောင်ရွက်ပေးနေကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များကလည်း လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးကူညီပေးလျက်ရှိရာ မြေလွတ်မြေလပ်များ ဖော်ထုတ်တိုးချဲ့စိုက်ပျိုးရန် မှာကြားကာ ကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သပိတ်ကျင်း-ငါးအိုး-ဇန်းမော်လမ်း မိုင်တိုင်အမှတ်(၁၁၅)အနီးရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာအုပ်စု နမ့်မဲကြိုးဝိုင်းရှိ မိုမင်တန်ကုမ္ပဏီ၏ ကျွန်းစိုက်ခင်းအကွက်အမှတ်(၁၀၉)ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကျောက်မဲခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တည်နေရာနှင့် အကျယ်အဝန်း၊ တောအခြေအနေနှင့် ပေါက်ရောက်ပင်များ၊ တောကျန်ရှိမှု အခြေအနေ၊ သစ်တောဦးစီးဌာနနှင့် မိုမင်တန်၊ ဝုဝေါလ်၊ တန်းဝေးကုမ္ပဏီတို့ ပူးပေါင်းပြီး ဧက ၁၅၀၀ ကျွန်းစိုက်ခင်း စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျွန်းစိုက်ခင်းရှိ ကျွန်းပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြ၍ ခြံစည်းရိုးကြက်ဆူပင်များ၊ စားဖိုဆောင်သီးနှံများ၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နယ်မြေခံ တပ်ရင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ အပင် ၁၂၀၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူ-တကောင်း-တွင်းငယ်-မိုးမိတ်ကားလမ်း မိုင်တိုင်အမှတ်(၁၀၁)၌ ရွှေလီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော အရှည်ပေ ၂၃၃၀ ရှိ ရွှေလီတံတား (ငါးအိုး)သို့ ရောက်ရှိကြပြီး တံတား၏ ကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ရွှေလီမြစ်၏ မြစ်ရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာမြို့နယ် ပျဉ်ထောင်လေးကျေးရွာရှိ ဟွန်ဒါ-မြန်မာကုမ္ပဏီလီမိတက်၏ ကြံမှဂက်စ်ဆိုဟောလ်လောင်စာ တစ်နှစ်လျှင် တန် ၃၀၀၀၀ ထုတ်လုပ်မည့် စက်ရုံ စီမံကိန်းသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က ကြံမှ အီသနောကို ထုတ်ယူ၍ လောင်စာထုတ်ယူအသုံးပြုနိုင်မည့် ဂက်စ်ဆိုဟောလ် စက်ရုံ တည်ဆောက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် အင်ဒေါင်းကြီးဝိုင်းရှိ ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက်၏ ကျွန်းအထူးစိုက်ခင်း စိုက်ပျိုးဧက ၈၀၀ သို့ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာဦးတင်မောင်က ၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်း လျာထားဧက ၈၀၀ စိုက်ပျိုးပြီးစီးမှု ၉၅ ရာခိုင်နှုန်း အပင်ပေါက်ရောက်ရှင်သန်မှု၊ ၂၀၀၇ ခုနှစ်တွင် လျာထားဧက ၁၅၀၀ စိုက်ပျိုးရေးအတွက် မြေပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားကာ ကျွန်းပင်ပေါက်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ ဂရိတ်ဝေါလ်သကြားစက် ကြံစိုက်ပျိုးရေးစီမံကိန်း ကြံတိုင်းအောင်စိုက်ကွင်း ပေါက်နက်အရှေ့ ဧက ၂၀၀ ကြံစိုက်ခင်းသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က စိုက်ဧက ၄၀၀၀ တွင် ဧက ၃၀၀၀ စိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာရှိ ဂရိတ်ဝေါလ်သကြားစက်ရုံသို့ ရောက်ရှိကြကာ စက်ရုံအတွင်းရှိ ကြံပုံကွင်း၊ ကြံချခင်း၊ ဓားစက်၊ ကြိတ်စင်၊ ဘွိုင်လာအိုး၊ တာဘိုင်နှင့် သကြားချက်စက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### ကြိုးပမ်းဆောင်ရွက်

ဂရိတ်ဝေါလ်သကြားစက်ရုံကို လာမည့်အောက်တိုဘာလအကုန်တွင် စတင်စမ်းသပ် လည်ပတ်မည်ဖြစ်ပြီး ဒီဇင်ဘာလ ပထမပတ်တွင် ပုံမှန်လည်ပတ်ရန် လျာထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားမှာ တစ်နေ့လျှင် ကြံတန်ချိန် ၃၀၀၀ ကြိတ်ဝါးပြီး သကြားတန်ချိန် ၁၅၀၀ ချက်လုပ်နိုင်မည်ဖြစ်သည်။

### တိုက်တွန်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် စက်ရုံခန်းမ၌ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်၊ ထီးချိုင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများအားတွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် သပိတ်ကျင်းနှင့် မိုးမိတ်လမ်းခွဲရှိ တွင်းငယ်သို့ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ကြိုဆိုနှုတ်ဆက်သည်။

### ပွင့်လင်းရာသီအပြီး တည်ဆောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် တွင်းငယ်ရှိ သရက်မြိုင်ရိပ်သာရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄) လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးထွဋ်က တွင်းငယ်-မိုးမိတ်ကားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ၄၆ မိုင်တွင် ပေ ၄၀ အကျယ်ရှိ လမ်းတာပေါင် မြေဖို့ခြင်းနှင့် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းလုပ်ငန်းများကို စီမံချက်နှင့်အညီ ပွင့်လင်းရာသီတွင် အပြီးတည်ဆောက်ရေး မှာကြားသည်။ **(သတင်းစဉ်)**

**❒ ကျောဖုံးမှ**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်အဖွဲ့ဝင်များ၊ အောင်ပွဲရမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအဖွဲ့ခေါင်းဆောင်၊ နည်းပြနှင့် အားကစားသမားများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လွှဲပြောင်းအပ်နှံ**

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဆွတ်ခူးရရှိခဲ့သည့် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖလားအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အား ကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်ထံ လွှဲပြောင်းအပ်နှံသည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် အင်ပါယာတေးဂီတအဖွဲ့ နှင့်တွဲဖက်၍ တေးသံရှင်များကသီဆို ဖျော်ဖြေပြီး ညစာဖြင့်တည်ခင်းဧည့်ခံသည်။

**အတွေ့အကြုံရှင်းလင်း**

(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲအတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက် ၁နာရီက ကရဝိက်ခန်းမဥ္ဇကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင် များ၊ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်၊ နည်းပြနှင့် အားကစားသမားများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်၊ လေ့လာသူ ဦးတင်ဟန်နှင့် နည်းပြ ဦးဆန်းဝင်းတို့က ပြန်လည်ဖြေကြားကြသည်။

**ဥက္ကဋ္ဌ ဦးဇော်ဇော်**

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားရာတွင်“မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ အားကစားသမားများအား မလေးရှားကလပ်အသင်းများက ခေါ်ယူလိုသည်ဟု သိရပါကြောင်း၊ သို့သော်လဲ ဗိုလ်လုပွဲတွင် အနိုင်ရရှိရေးအတွက် အာရုံစိုက်နေရပြီး အနိုင်ရသည့်အခါတွင်လဲ အားကစားသမားများအတွက် ဆောင်ရွက်ပေးစရာများရှိနေသဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ မည်သူနှင့်မျှ လက်ခံတွေ့ဆုံခြင်းမရှိခဲ့ပါကြောင်း၊ အကယ်၍ ခေါ်ယူလိုပါက မည်သူ့ကို ခေါ်ယူလိုသည်ကို တရားဝင်စာဖြင့် အကြောင်းကြားရန်သာပြောကြားခဲ့ပါကြောင်း”ပြောကြားသည်။

ဆက်လက်၍ “ပထမအကြိမ်ဂရင်းရွိုင်ရယ်ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ(Grand Royal Challenge Cup)ကို အချိန်တိုအတွင်း စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုစဉ်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အောင်မြင်မှုမရသေး၍ အသင်းကောင်းများကို ဖိတ်ကြားရသည်မှာ အခက်အခဲရှိကြောင်း၊ **ယခုအခါ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အောင်မြင်မှုရရှိလာပြီဖြစ်၍ အခြေအနေပေးမည်ဆိုပါက လာမည့် ဂရင်းရွိုင်ရယ်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မာဒေးကားဖလားဘောလုံးပြိုင်ပွဲကဲ့သို့ နိုင်ငံတကာဘောလုံးပြိုင်ပွဲတစ်ခုဖြစ်လာအောင် အသင်းကောင်းများကို ဖိတ်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊** လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံခြားနည်းပြငှားရမ်းခေါ်ယူရန် အစီအစဉ်ရှိပါကြောင်း၊ သို့သော်လည်း နိုင်ငံခြားနည်းပြဖြစ်လျှင်ပြီးရော သဘောမျိုးမဟုတ်ဘဲ လက်ရှိနည်းပြ ဦးဆန်းဝင်းကို ပံ့ပိုးမှုပေးနိုင်မည့် နည်းပြမျိုးကိုသာ ခေါ်မည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့အဖွဲ့ချုပ်ထံ အဆိုပြုထားသည့် နိုင်ငံခြားနည်းပြ လျှောက်လွှာပေါင်း ၃၆စောင်ရှိကြောင်း၊ မိမိတို့ငွေကြေးသုံးစွဲနိုင်သည့် အနေအထားနှင့် အသင့်လျော်ဆုံးဖြစ်မည့်သူကို ရွေးချယ်ခေါ်ယူမည်ဖြစ်ကြောင်း” ပြောကြားသည်။

ဂုဏ်ပြုငွေချီးမြှင့်မည့် ကိစ္စနှင့်ပတ်သက်၍လည်း “ပြိုင်ပွဲမစမီကပင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ဗိုလ်စွဲလျှင် ထိုက်ထိုက်တန်တန်ဂုဏ်ပြုမည်ဟု ပြောကြားခဲ့ကြောင်း၊ ယခုအခါ မိမိအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုငွေများချီးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း၊ ဗိုလ်လုပွဲအပြီးတွင် မိမိအား ဆက်သွယ်၍ ဂုဏ်ပြုငွေချီးမြှင့်မည်ဟု ပြောကြားသူများရှိကြောင်း၊ မည်ရွေ့မည်မျှ ချီးမြှင့်မည်ကို ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ သည့်အချိန်မှသာ အတိအကျ သိကြရမည်ဖြစ်ကြောင်း၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများအား ၎င်းတို့၏မိသားစုများနှင့်အတူ ချောင်းသာကမ်းခြေသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း” ပြောကြားသည်။

**အဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်**

အဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်ကလည်း **“မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အောင်မြင်မှုရရှိရေးအတွက် မလေးရှားရောက် မြန်မာပရိသတ်များကလည်း အထူးအားပေးခဲ့ကြပါကြောင်း၊ ပွဲတိုင်းလာရောက်အားပေးကြကြောင်း၊ မလေးရှားနှင့် ကစားသည့်ပွဲ၌ မိမိတို့ကွင်းထဲဝင်လာပြီး အရန်ခုံ ထိုင်ကတည်းက မြန်မာပရိသတ်များ တစ်ခဲနက်အားပေးကြကြောင်း၊ မိမိပရိသတ်ရှိနေ၍ကစားသည့်အခါ ပြိုင်ဘက်ကိုမရှိန်ဘဲ ရဲရဲတင်းတင်း ကစားနိုင်ကြကြောင်း၊ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍လဲ မိမိတို့ပရိသတ်အင်အားရှိနေပါက ပြောရဆိုရသည်မှာ ကောင်းကြောင်း”** ပြောကြားသည်။

**လေ့လာသူ ဦးတင်ဟန်**

လေ့လာသူအဖြစ် လိုက်ပါသွားသော ဦးတင်ဟန်ကလည်း “မိမိနှင့် ဦးအေးမောင်လေးတို့အနေဖြင့် နည်းပြများ၏လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခြင်းမရှိပါကြောင်း၊ နည်းပြနှစ်ဦးမှာ မိမိတို့၏ ညီငယ်များလိုပင်ဖြစ်ကြောင်း၊ မိမိပြောလိုသည့်အချက်ရှိပါက အားကစားသမားများရှေ့၌ မပြောဘဲ အခန်းထဲ၌သာပြောကြောင်း၊ မည်သည့်နေရာ၌ အားနည်းနေသည်၊ ပြိုင်ဘက်အသင်း၏ အနေအထား မည်သို့ ရှိသည်ကို ထောက်ပြပြီး ကြိုတင်ပြင်ဆင်သင့်သည်များကို ပွဲမကစားမီ အကြံပေးပြောကြားမှုသာ ရှိပါကြောင်း”ပြောကြားသည်။

**နည်းပြ ဦးဆန်းဝင်း**

နည်းပြ ဦးဆန်းဝင်းကလည်း “ယခုပြိုင်ပွဲအတွက်မလေးရှားဘောလုံး အဖွဲ့ချုပ်မှပေးပို့သည့် စည်းမျဉ်းစည်းကမ်းစာအုပ်၌ လက်ရွေးစင်အသင်းမဟုတ်လျှင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ နိုင်ငံ၏ အကောင်းဆုံးလက်ရွေးစင်အသင်းကိုသာ စေလွှတ်ရမည်ဟု ဖော်ပြထားကြောင်း၊ ပြိုင်ဘက်အသင်းများ လက်ရွေးစင်အသင်း ဟုတ် မဟုတ်ကို မိမိမသိပါကြောင်း၊ မိမိတို့ရွေးချယ်သွားသည့် ဘောလုံးကစားသမားများသည် နိုင်ငံ၏ အကောင်းဆုံးအားကစားသမားများဖြစ်ပါကြောင်း၊အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (Sea Games) တွင် အသက်၂၃နှစ်အောက် အသင်းဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ အသက်ငယ်ရွယ်သူများထဲမှ ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယခုယှဉ်ပြိုင်ခဲ့သည့်လေးပွဲ၌ အားကစားသမား ၁၈ဦး အနက် ၁၆ဦး ကစားခဲ့ပါကြောင်း၊ ပြိုင်ဘက်သုံးသင်းစလုံးအသင်းကောင်းများဖြစ်ပါကြောင်း၊ မိမိတို့အသင်း အနိုင်ရဗိုလ်စွဲသည့် အဓိကအချက်မှာ ဖွဲ့သတ္တိနှင့် စိတ်ဓာတ် (Fighting Spirit)ကောင်း၍ ဖြစ်ပါကြောင်း” မြန်မာ့အလင်းသို့ပြောကြားသည်။

**မြန်မာအသင်း**

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ နည်းပြများအဖြစ် ဦးဆန်းဝင်း (ဆောက်လုပ်ရေး)နှင့် ဦးကြည်လွင် (မြို့တော်စည်ပင်)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအောင်ကျော်ဦး (အား/ကာဦးစီးဌာန)၊ သူနာပြုအဖြစ် ဦးညွှန့်လင်း (အား/ကာဦးစီးဌာန)၊ လေ့လာသူများအဖြစ် ဦးအေးမောင်လေး(အား/ကာဦးစီးဌာန)နှင့် ဦးတင်ဟန်(ဆောက်လုပ်ရေး)တို့က လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ကိုကိုအောင်(ကာကွယ်ရေး)၊ **(နောက်တန်း)** ခင်မောင်လွင်(လယ်ယာ/ဆည်မြောင်း)၊ မင်းသူ၊ ဇော်လင်းထွန်း(၂)၊ မိုးဝင်း(စီးပွား/ကူးသန်း)၊ ကျော်ဇေယျာမင်း(ပို့ဆောင်ရေး)၊ ဇော်ထက်အောင်(စွမ်းအင်)၊ **(အလယ်တန်း)** စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊ ဇော်ဇော်၊ အောင်မြင့်အေး (မြို့တော်စည်ပင်)၊ **(ရှေ့တန်း)** စည်သူဝင်း(ပြည်ထဲရေး)၊ ရန်ပိုင်၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)တို့ ပါဝင်ခဲ့ကြသည်။ ။

**(မြန်မာ့အလင်း)**

**မာဒေးကားဖလားချန်ပီယံမြန်မာအသင်းအား ပြည်လမ်းမကြီးတွင် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြရာ လက်ရွေးစင်ဘောလုံးသမား မိုးဝင်းအား ဤသို့ တိုးဝှေ့ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)





**မာဒေးကားဖလားချန်ပီယံ မြန်မာ့လက်ရွေးစင်အသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ဤသို့ ပန်းစည်းများကမ်း၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။**

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဂုဏ်ပြု ကြိုဆို

**မာဒေးကား ချန်ပီယံ အောင်ပွဲရ မြန်မာ့ လက်ရွေးစင် အသင်းအား မိုးဖွဲဖွဲကြားမှသောင်းသောင်း ဖြဖြ ကြိုဆိုကြရာ ပြည်လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာမှ ဘောလုံးချစ်သူ ပြည်သူများ ဤသို့ လှိုက်လှဲစွာ ဂုဏ်ပြု နှုတ်ဆက်ခဲ့ကြသည်။**

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)





**“ပြိုင်ပွဲမတိုင်မီကပင် ထိုက်ထိုက် တန်တန် ဂုဏ်ပြုမည်ဟု ပြောကြားခဲ့”**

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်)

**ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)**



**“မိမိပရိသတ်ရှိနေ၍ ကစားသည့်အခါ ရဲရဲတင်းတင်း ကစားနိုင်ကြ”**

(အဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်)

**ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)**



**“မိမိတို့ ယခုလို အောင်ပွဲခံနိုင်ခြင်းမှာ တစ်ဦးချင်းစီရဲ့ တစ်ယောက်အပေါ် တစ်ယောက် နားလည်မှုရှိပြီး နေရာဖြည့်ကစားပေးနိုင်မှု၊ သည်းခံနိုင်မှုကြောင့် အောင်ပွဲခံနိုင်ခြင်းဖြစ်”**

(ယာအစွန်လူ ဇော်ထက်အောင်)

**ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)**



**မာဒေးကားချန်ပီယံမြန်မာအသင်းမှ သေချာပေါက်ဂိုးများ ကာကွယ်ပေးနိုင်ခဲ့သူ ဂိုးသမားအောင်အောင်ဦးအား ဘောလုံးချစ်သူများက ဤသို့ ဖက်လှဲတကင်း ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။**

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

# မြန်မာ့ပညာရေးအခွင့်အလမ်းပွင့်၍ အရည်အသွေးမြင့်စေမည်

လင်း
(ပညာရေး)

ပညာရေးသည် အလွန်ကျယ်ပြန့်နက်ရှိုင်းပြီး နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ဖန်တီးနိုင်စွမ်းရှိသည်။ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ယှဉ်ပြိုင်မှုများသည် ပညာရေးယှဉ်ပြိုင်မှုပေါ်တွင် တည်မှီနေသောကြောင့် ပညာရေးသည် ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပေသည်။ ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေးကို တစ်ကမ္ဘာလုံးက အလေးအနက်ထား အကောင်အထည်ဖော်နေကြပေသည်။ မြန်မာနိုင်ငံ တွင် **'မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင် နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်'** ဟူသော ပညာရေးမျှော်မှန်းချက် ချမှတ်၍ အမျိုးသားပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း(၂၀၀၀-၂၀၀၁မှ ၂၀၀၃-၂၀၀၄)ကို အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ လေးနှစ်တာကာလအဖြစ် အကောင်အထည်ဖော်ချိန်မှာပင် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုအဖြစ် ပညာရေးကဏ္ဍ အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ရေးဆွဲခဲ့သည်။ ထိုစီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှစတင်ကာ နှစ်တိုငါးနှစ်စီမံကိန်း ခြောက်ခု ပိုင်းခြား၍ အဆင့်ဆင့် တိုးတက်အကောင်အထည်ဖော်လျက်ရှိသည်။

အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန် နိုင်ငံတော်အတွက် လိုအပ်သော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် ၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်တို ငါးနှစ်စီမံကိန်းတွင် ပညာသင်ယူမှု အခွင့်အလမ်းတိုးတက်ရရှိရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍ၏ ဖြစ်ထွန်းတိုးတက်မှုများတွင် ၁၉၈၈ခုနှစ်က တက္ကသိုလ်ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ဒေသအလိုက် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးကို အကျိုးပြုစေမည့် အထူးပြုတက္ကသိုလ်များကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာ တက္ကသိုလ်ကောလိပ် ၁၅၆ ခုထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ သင်ကြားရေးအစီအစဉ်များ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ချဲ့ထွင်ခြင်းဖြင့် မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ နိုင်ငံတကာ တက္ကသိုလ်များ၊ ပညာသင်ဌာနများနှင့် ဆက်သွယ်ပူးပေါင်းပြီး တက္ကသိုလ်အလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများဖွဲ့စည်းပြီး ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

သင်ယူ သင်ကြားမှုနယ်ပယ် ပိုမိုကျယ်ပြန့်စေရန်၊ သင်ယူမှုအခွင့်အလမ်းများပိုမိုရရှိစေရန်နှင့် ပညာရပ်မျိုးကွဲများကို ပေါင်းစပ်ဘာသာရပ်များအဖြစ် ချိတ်ဆက်သင်ကြားနိုင်ရန်အတွက် ပုံမှန်ပညာရေးနှင့် ယှဉ်တွဲပြီး မျက်မှောက်ကာလက တောင်းဆိုသည့် ပညာရပ်အထွေထွေ၊ ဘာသာရပ်အဖုံဖုံကို လေ့လာသင်ယူနိုင်သည့် ပညာရေးအဆောက်အအုံကြီးတစ်ခုအဖြစ် စနစ်တကျ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ အခြေခံပညာအထက်တန်းကျောင်းများ၊ တက္ကသိုလ် ကောလိပ်များတွင် e-Education Learning Centre များ၊ e-Imformation Resource Centre များ ထူထောင်ပေးပြီး တက္ကသိုလ်အချင်းချင်း ကွန်ရက်စနစ် (Network)ချိတ်ဆက်ထားခြင်းတို့ဖြင့် ICT နည်းပညာကို သုံးစွဲနေပြီဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာကဏ္ဍသည် အဓိကအခန်းမှပါဝင်လျက်ရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ ကျောင်းဝင်နှုန်း မြင့်မားလာခဲ့သည်။ အခြေခံပညာမူလတန်းအဆင့် ပြီးဆုံးရေးကို ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အတန်းကူးပြောင်းနှုန်း မြင့်မားလာသောအခါ အလယ်တန်းပညာကို လက်လှမ်းမီစွာ ဆက်လက်သင်ယူနိုင်ရေးအတွက် မူလတန်းလွန်ကျောင်းများနှင့် အလယ်တန်းကျောင်းသစ်များလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီဖွံ့ဖြိုးပြီး နယ်စပ်ဒေသများပါမကျန် တိုးတက်လာစေရေးအတွက် အထူးဒေသများဖွဲ့စည်း၍ ကျောင်းများဖွင့်လှစ်ပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် အရွယ်လွန်ကလေးများပါ မကျန်ရစ်စေရေးအတွက် ကျောင်းနေအရွယ်လွန် ကလေးများ ကျောင်းနေရေးကိုပါ စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သည်။ ထို့အတူ အထက်တန်းပညာကိုပါ ဆက်လက်လေ့လာသင်ယူနိုင်စေရန် အထက်တန်းကျောင်းခွဲများ၊ ကျောင်းသစ်များဖွင့်လှစ်ပေးပြီး ပညာသင်ယူမှု အခွင့်အလမ်းများကို ချဲ့ထွင်ပေးနိုင်ခဲ့သည်။ အခြေခံပညာအထက်တန်းကျောင်းများတွင် e-Education °Learning Centreများ ဖွင့်လှစ်ပေးခြင်း၊ အခြေခံပညာကျောင်းများတွင် Multi-media စာသင်ခန်းများ ဖွဲ့စည်းတပ်ဆင်ပေးခြင်းဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးပြုသင်ကြား သင်ယူနိုင်ကြပြီဖြစ်သည်။ ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် e-Education Learning Centre ပေါင်း ၆၂၄ခု၊ Multi-media စာသင်ခန်း ဖွဲ့စည်းတပ်ဆင်ပြီး ကျောင်းပေါင်း ၈၂၇၀ ရှိနေပြီဖြစ်သည်။

အခြေခံပညာကဏ္ဍအနေဖြင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၄၀၅၃၁ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဆရာ၊ ဆရာမ ၂ ဒသမ ၄၈ သိန်းကျော်က ကျောင်းသား ကျောင်းသူ ၇ ဒသမ ၈၁ သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

ထို့ပြင် ကျောင်းသင်ပညာရေးသာမက ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများဖြင့် သက်ကြီးစာမတတ်သူပပျောက်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိရာ ၂၀၀၅ ခုနှစ်တွင် သက်ကြီး စာတတ်နှုန်း ၉၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့သည်။ လူတိုင်းအတွက် ပညာရေးကို အကောင်အထည်ဖော်ရာတွင် လူ့အဖွဲ့အစည်းဝင် တစ်ဦးတစ်ယောက်မျှ ကျန်ခဲ့၍မဖြစ်ပေ။ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်သော မသန်စွမ်းသူများလည်း မကျန်ရစ်စေရန် အားလုံးအကျုံးဝင်ပညာရေးကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာဖြေဆိုအောင်မြင်ခဲ့ကြသော မသန်စွမ်းကလေးများက သက်သေပြလျက်ရှိသည်။

ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရေးအတွက် မြန်မာ့ပညာရေးအဆောက်အအုံ(Infrastructure)ကို စနစ်တကျဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ဖြစ်သည်။ ထိုဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကို အသုံးပြု၍ အရည်အသွေးမြင့်မားသော လူနေမှုဘဝကို ဖန်တီးတည်ဆောက်ကြရပေမည်။ ထိုသို့တည်ဆောက်ရာတွင် တိုင်းရင်းသားလူငယ်များ၏ ပညာအရည်အသွေးမြင့်မားနေရန် လိုအပ်လှပေသည်။

အနှစ် ၃၀ နှစ်ရှည်စီမံကိန်း၏ ဒုတိယနှစ်တိုငါးနှစ်စီမံကိန်းကို ယခု ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိသည်။ ယခုစီမံကိန်းကာလတွင် ကျောင်းသားကျောင်းသူများ ပညာရည် အရည်အသွေးမြင့်မားရေးနှင့် တစ်ဦးချင်း သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက ပညာရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးဆွဲဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးတို့ကို အထူးအလေးပေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် သင်ရိုးညွှန်းတမ်းများ ရှင်သန်နေရေး၊ နိုင်ငံတကာ အဆင့်မီရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ အလိုက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲများကို ၂၀၀၆ ခုနှစ် ဧပြီလဆန်းပိုင်းတွင် ကျင်းပခဲ့သည်။ ပြောင်းလဲလာသည့် ခေတ်နှင့်လျော်ညီစွာ တီထွင်ဖန်တီးနိုင်မှု၊ အိုင်တီပညာရေးအတွက် ဘာသာစကားအသုံးပြုမှု၊ ၂၁ ရာစု၏ လူမှုရေးနှုန်းစံများ၊ ဒေသလိုအပ်ချက်များ၊ အသက်မွေးဝမ်းကျောင်းပညာ၊ ရသပညာတို့ ပါဝင်စေလျက် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်အလိုက် သင်ရိုးမာတိကာနှင့် သင်ခန်းစာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးဆွဲနေပြီဖြစ်သလို တစ်ပြိုင်တည်းမှာပင် ပညာရည် စစ်ဆေးတိုင်းတာမှုစနစ်ကိုလည်း ပြုပြင်ပြောင်းလဲကာ အလွတ်ကျက်မှတ်မှု လမ်းကြောင်းကို ရှောင်ရှားခဲ့ပြီဖြစ်သည်။

ပညာအရည်အသွေးမြင့်မားရေးတွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီ မြှင့်တင်ရန်လိုအပ်သကဲ့သို့ ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် ဆရာအတတ်ပညာ အရည်အသွေးပြည့်ဝမှုသည်လည်း အဓိကကျပေသည်။ ပညာရေးတွင် 'ဆရာ' သည် အရေးအကြီးဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ဆရာ့ အရည်အသွေးပြည့်ဝနေပါမှ ကျောင်းသား ကျောင်းသူများ အရည်အသွေးပြည့်ဝပြီး ပညာရည်မြင့်မားလာမည် ဖြစ်သည်။ ထို့ကြောင့် ပညာရေးကောလိပ်များက သင်ကြားပို့ချမည့် ဘာသာရပ်များ၊ ပညာရေးသဘောတရားများနှင့် သင်ပြနည်းများကို ကျွမ်းကျင်တတ်မြောက်၍ ထိထိရောက်ရောက် သင်ကြားပို့ချနိုင်သော ဆရာများကို မွေးထုတ်ပေးသကဲ့သို့ တတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ပြင်ပမှ ပထမဘွဲ့ရရှိသူများကို ဆရာအတတ်ပညာ သင်တန်းများပေးပြီး ဆရာလိုအပ်ချက်ကို ဖြည့်ဆည်းခဲ့သည်။ လုပ်ငန်းခွင်မှ ဆရာ ဆရာမများအတွက်လည်း လုပ်ငန်းခွင် ဆရာအတတ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို တည်ထောင်ရာတွင် လူ့ဘောင်အဖွဲ့အစည်းဝင်များအနေဖြင့် သင်ယူမှု ရပ်ဆိုင်းသွားသည်နှင့် Lifelong Learning Society ၏ ပြင်ပတွင် ကျန်ခဲ့မည်ဖြစ်သည်။ ထို့ကြောင့် Learning Society ပြင်ပတွင် စာပေဘာသာရပ်များ၌ ထူးချွန်သော မဟာဘွဲ့ရသူများ မကျန်ရစ်စေရန် ဆရာအတတ်ပညာ သင်တန်းဖွင့်လှစ်ပို့ချပေးပြီး သင်ကြားရေးနယ်ပယ်တွင် ဖြည့်ဆည်းခန့်ထားပေးခဲ့ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေးအတွက် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ ဘာသာပြဆရာများ မွမ်းမံသင်တန်းများကို ယခုနှစ် နွေရာသီကျောင်းပိတ်ရက်များအတွင်း တက္ကသိုလ်နှင့် ဒီဂရီကောလိပ် ၃၀ တွင် ဖွင့်လှစ်ပို့ချပေးခဲ့သောကြောင့် ယခုပညာသင်နှစ်တွင် အခြေခံပညာကဏ္ဍ၌ သင်ကြားရေးတာဝန်များကို အရည်အသွေး ပိုမိုမြင့်မားစွာ ထမ်းဆောင်နေပြီ ဖြစ်သည်။

အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားလာစေရေးအတွက် ယခု ပညာသင်နှစ်မှစတင်ပြီး ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် ဘာသာရပ်အလိုက် သင်ယူတတ်မြောက်မှုစစ်ဆေးခြင်း၊ လပတ်စစ်ဆေးခြင်း၊ တတ်မြောက်မှုအားနည်းသည့် ဘာသာရပ်များအတွက် စာသင်ချိန်ဖြည့်စွက်သင်ကြားပေးခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာဘာသာရပ်အလိုက် ဘာသာရပ်မှူးများ၊ အုပ်ထိန်းသူ ဆရာ ဆရာမများ ထားရှိကြီးကြပ်စေခြင်း၊ ကျောင်းသား ကျောင်းသူများ စာသင်နှစ် တစ်နှစ်တာအတွင်း ကျောင်းခေါ်ကြိမ် ၇၅ ရာခိုင်နှုန်း ပြည့်မီစေရေးတို့ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးအတွက် အခြေခံပညာဦးစီးဌာနများ၏ အစီအစဉ်ဖြင့် ပြည်နယ်၊တိုင်း ပညာရေးမှူးများက လက်တွေ့ ကွင်းဆင်းစစ်ဆေးကြပ်မတ်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူများအား ကျွမ်းကျင်စွာ လေ့ကျင့်သင်ကြားပေးနိုင်မှသာ အခြေခံပညာရေးအရည်အသွေးကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ သင်ယူတတ်မြောက်မှုအရည်အသွေး မြင့်မားလာသောအခါ တက္ကသိုလ်ပညာရပ်များကို ပိုမိုလေ့လာဆည်းပူးနိုင်မည် ဖြစ်သည်။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ တတ်မြောက်မှုအရည်အသွေး ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာရပ်များတွင် ဂုဏ်ထူးတန်းနှင့် မဟာဘွဲ့ရရှိသူများ၊ အင်္ဂလိပ်စာဘာသာ အဓိကနှင့် ဘွဲ့ရရှိသူများကို ရွေးချယ်စုစည်း၍ ပညာရေးနည်းပညာ အထူးသင်တန်း(SCET) အမှတ်စဉ်(၁)ကို ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ)တို့တွင် ဖွင့်လှစ်ပို့ချပေးခဲ့သည်။ သင်တန်းဆင်း ဆရာ ဆရာမများအား အခြေခံပညာကျောင်းများတွင် အထက်တန်းပြ ဆရာ ဆရာမများအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်တစ်ခုချင်းအလိုက် အောင်ချက်မြင့်မားလာစေရန် လက်ရှိကျောင်းများမှ ဆရာ ဆရာမများ၏ ဆရာအတတ်ပညာပြည့်ဝမှုနှင့် ယခု သင်တန်းဆင်း ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုတို့ပေါင်းစပ်ကာ သင်ယူတတ်မြောက်မှု အားနည်းသော ဘာသာရပ်များအတွက် အားဖြည့်ပေးခြင်းဖြစ်သည်။ ဤသို့ စွမ်းအားနှစ်ရပ်ကို ပေါင်းစပ်ပေးခြင်းဖြင့် ဒုတိယနှစ်တိုငါးနှစ်စီမံကိန်းကာလတွင် သင်ယူတတ်မြောက်မှုအရည်အသွေး မြင့်မားရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

**ယနေ့အချိန်အခါသည် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်ဖြစ်ရာ နိုင်ငံသားတိုင်းလိုအပ်သည့် စီးပွားရေး၊ လူမှုရေးအရည်အသွေးများ ပြည့်စုံနေစေရန်နှင့် မျက်မှောက်ခေတ်ကာလ၏ သိပ္ပံနှင့်နည်းပညာတိုးတက်ပြောင်းလဲမှုများနှင့်ယှဉ်တွဲပြီး အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍက ရှေ့ဆောင်ကြိုးပမ်းလျက်ရှိသည်။**

ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် ပညာရေး အဝန်းအဝိုင်းတစ်ခုလုံးသာမက မိဘပြည်သူတစ်ရပ်လုံးကလည်း ပါဝင်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လူမှုရေးအသင်းအဖွဲ့များကလည်း ပါဝင်ပံ့ပိုးလျက်ရှိသည်။ အနာဂတ်လူ့အဖွဲ့အစည်းအတွင်း ရောက်ရှိလာမည့် လူငယ်များအား မိသားစုတန်ဖိုး၊ မြန်မာ့လူ့အဖွဲ့အစည်းတန်ဖိုး၊ ကမ္ဘာ့လူ့အဖွဲ့အစည်းတန်ဖိုးကို နားလည်ပြီး အဆင့်မီ နိုင်ငံသားဖြစ်ရေး၊ ဘာသာစကားကျွမ်းကျင်မှု၊ ဝိဇ္ဇာ သိပ္ပံနည်းပညာများကို အခြေခံနားလည်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ စွန့်လွှတ်စွန့်စားလိုစိတ်၊ တာဝန်ယူလိုစိတ်၊ ကိုယ်ပိုင်စည်းကမ်းရှိမှု၊ ဆုံးဖြတ်တတ်မှု၊ ရှေ့ဆောင်တီထွင်လုပ်ကိုင်တတ်မှု၊ အကောင်းဆုံးဖြစ်လိုမှု၊ ယှဉ်ပြိုင်လိုစိတ်ရှိမှု၊ ပြည်သူ့နီတိအရည်အချင်းများနှင့် လူ့လောကအကျိုး ဆောင်လိုစိတ်ရှိမှုတို့အတွက် ပညာရေးကဏ္ဍက ရှေ့ဆောင်ပြီး ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

# ရေဝတီတိုင်း စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေးစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၃၁

ရေဝတီတိုင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ စီမံကိန်း လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် တိုင်းမှူးက ရေဝတီတိုင်းအတွင်း စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်း အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ စီမံကိန်းလုပ်ငန်းများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**



**ဩဂုတ် ၂၉ ရက်က လသာမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ လသာမြို့နယ် ပညာရေးမှူး ဒေါ်ခင်လေးတင်နှင့် ဦးစီးမှူး ဒေါ်မူမူတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



**ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်၌ သတ္တဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်ကကျင်းပရာ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာသဘအရှင်သူမြတ်က အဓိဋ္ဌာန် အောင်ပွဲ တရားတော်များ ချီးမြှင့်စဉ်။** (၀၅၂)

## ရန်ကုန်အနောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လမ်းမတော်မြို့နယ်က ခုနစ်ဆုဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၃၁**

၂၀၀၆ခုနှစ် ရန်ကုန်အနောက်ပိုင်းခရိုင်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်က လသာ မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပရာ ပညာရှင်အဆင့် ၂၇ ဦး၊ ဝါသနာရှင်အဆင့် ၉၀ စုစုပေါင်း ၁၁၇ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

**ဆွတ်ခူးရရှိ**

ယင်းပြိုင်ပွဲတွင် လမ်းမတော်မြို့နယ်မှ တင့်ခိုင်(ပညာရှင်)စန္ဒရားအထူးဆု၊ ဒုံမင်း အထူးဆုနှင့် ပတ္တလားဒုတိယဆု၊ အောင်ကျော်ထွန်း(ဝါသနာရှင်)စန္ဒရား အထူးဆု၊ ဇော်မင်းထွန်း ကာလပေါ်(ပညာရှင်)ပထမဆု၊ ပွင့်စံပါယ် ကာလပေါ် (ဝါသနာရှင်) ပထမဆုနှင့် အရေးပထမဆု (တိုင်းရင်းသားအားမာန်)ဖြင့် လမ်းမတော်မြို့နယ်မှ ခုနစ်ဆုဆွတ်ခူးရရှိကြောင်း သိရသည်။ **(၃၇၈)**

## ခုနစ်ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၃၁**

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မ ဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၆၄) ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂ သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့်တရားစခန်းဖွင့်မည့် စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

## မင်္ဂလာဈေးဓမ္မာရုံ တရားပွဲများကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၁**

ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်ကြီးတွင် တရားပွဲများကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၅ရက်တွင် ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်)စက်တင်ဘာ ၉၊၁၀၊၁၆၊၁၇ရက်တွင် ဓမ္မစေတီဦးကောသလ္လ(M.A Buddhism)၊ ၁၃ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ စက်တင်ဘာ ၁၂၊ ၁၈၊ ၁၉ ရက်တွင် ဘဒ္ဒန္တပညာဝံသ (ဝါးခယ်မ ဆရာတော်)၊ ၂၀ရက်တွင် ဘဒ္ဒန္တနရပတိ (ဖြူးဆရာတော်)၊ ၂၇ရက်တွင် စစ်ကိုင်းဦးခေမိန္ဒ (ခင်မကန်တိုက်)နှင့် ၂၈ရက်တွင် ဘဒ္ဒန္တ ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်)ဆရာတော်များက ည ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ဦးကြည်သာကိုယ်စား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်ဆယ့်ခြောက်သိန်း လေးသောင်းကို ဒေါက်တာဦးကြည်ဦးနှင့် ဒေါက်တာဒေါ်ဥမ္မာသွင်တို့က ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းလက်ခံယူစဉ်။** (က-ပ)

## မြန်မာဇာတ်ကားသစ် ရုံမဝင် မျှော်လင့်ခြင်းများစွာ ဆက်လက်ပြသ

**ရန်ကုန် ဩဂုတ် ၃၁**

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိသေးဘဲ **မျှော်လင့်ခြင်းများစွာ** ဆက်လက်ပြသဆဲဖြစ်သည်။

**မျှော်လင့်ခြင်းများစွာ** ကို ရန်ကုန်မြို့၌ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင်ရုံများတွင် လည်းကောင်း၊ မန္တလေးမြို့၌ ဝင်းလိုက်ရုံတွင် လည်းကောင်း ဆက်လက်ပြသလျက်ရှိသည်။

**ပြသဆဲဇာတ်ကားများ**

ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)ရိုက်ကူးသည့် **လှည့်စား** ဇာတ်ကားမှာ ရှေ့ဆောင်၊ မြို့လယ်ဝဇီရာ၊ မြရတနာနှင့် လှိုင်သာယာဝဇီရာ(၂)ရုံများတွင် ဆက်လက်တင်ဆက်လျက် ရှိသည်။

**ရုပ်ရှင်သတင်းထောက်**



**မျှော်လင့်ခြင်းများစွာမှ ဒွေးနှင့် နဝရတ်။**

နေပြည်တော်ရုံတွင် **The Cave** ဇာတ်ကားတစ်ကျော့ပြန်ရုံဝင်လာသည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် ဝီလီစနိုက်အထူးပါဝင်သရုပ်ဆောင်ထားသော **Passenger 57** အက်ရှင်ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယဇာတ်ကား **khanjar** (**the knife**) ရုံဝင်လာသည်။

မြို့မတန်းမြင့်ရုံတွင် Bluff Master အိန္ဒိယဇာတ်ကားသစ် ရုံဝင်လာပြီး ဆုထူးပန်ရုံတွင် Asoka(အာသောကမင်း)ဇာတ်ကား ပြသလျက်ရှိသည်။ အာသောက ဇာတ်ကားတွင် မင်းသားရှာရွတ်ခန်ကရီနားကာပူးရ်၊ အာဂျေးကူးမား၊ ဒယ်နီတို့ ခေါင်းဆောင်ပါဝင်ထားသည်။

**ဗီဒီယိုဇာတ်ကားများ**

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသည့် **ညီအစ်ကိုသူငယ်ချင်း** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ ရွှေဗဟို၊ဘုရင့်နောင်၊ ရေဝတီ၊ ရွှေပြည်သာရုံများတွင် ဆက်လက်ပြသနေပြီး ဒါရိုက်တာဝင်းထွန်းထွန်း၏ **ဇေတနသစ္စဝဇ္ဇနေ ဤမှန်သော သစ္စာစကားကြောင့်** အဆင့်မြင့်မြန်မာ ဗီဒီယိုဇာတ်ကားမှာမြို့လယ်စံပြ၊ သီတာ၊ ရွှေမန်း၊ မဟာမြိုင်ရုံနှင့် မင်္ဂလာဒုံရုံများတွင် ဆက်လက်ပြသဆဲ ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



**ညီအစ်ကို သူငယ်ချင်းမှ ထွန်းထွန်းနှင့် သဇင်။**



# ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ စတင်ကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

**ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆)ကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ တက်ရောက်ကြသည်။**

## ဖတ်ကြားတင်ပြ

ရှေးဦးစွာ ရတနာကုန်သည်များက ဩဂုတ် ၂၈ရက်မှ ၃၀ရက်အထိ ကျောက်မျက်နှင့် ကျောက်စိမ်းများကို ကြည့်ရှုခဲ့ကြပြီး Bargain စနစ်ဖြင့် ဝယ်ယူရန် သက်ဆိုင်ရာတင်ဒါပုံးများ၌ ထည့်သွင်းထားသော ကျောက်မျက်နှင့် ကျောက်စိမ်း Bargain Formများကို စစ်ဆေးရေးအဖွဲ့များက နံနက် ၇ နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေးကြသည်။ နံနက် ၉ နာရီတွင် အခမ်းအနား စတင်ကျင်းပရာ အခမ်းအနားမှူးက အစီအစဉ်များကို ဖတ်ကြား တင်ပြပြီး ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းက အမှာစကား ပြောကြားသည်။

## ကြေညာ

ယင်းနောက် အခမ်းအနားမှူးက ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ လေလံစည်းကမ်းချက်များကို မြန်မာ၊ တရုတ်၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဖတ်ကြားကြေညာသည်။ ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းက ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲကို မောင်းထု၍ ဖွင့်လှစ်ပေးသည်။

## ရောင်းချရ

ဆက်လက်၍ ကျောက်မျက်များကို Bargain စနစ်၊ Auction စနစ်တို့ဖြင့်ရောင်းချရာ ကျောက်မျက်အတွဲပေါင်း ၂၂၄တွဲ ရောင်းချရသည်။

ယင်းနောက် ကျောက်စိမ်းများကို Bargain စနစ်ဖြင့် ဆက်လက်ရောင်းချလျက်ရှိပြီး မွန်းလွဲ ၂ နာရီတွင် ပြီးစီးသွားသည်။ ရောင်းချပွဲတွင် အမြင့်ဆုံးဈေးပေး၍ ဝယ်ယူကြသော ရတနာကုန်သည်များအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြသည်။

## ဆက်လက်ရောင်းချမည်

စက်တင်ဘာ၁ရက်တွင်ကျောက်စိမ်းအတွဲများကို Bargain စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

## ဩဂုတ် ၃၁ ရက်၌ မိုးရွာသွန်းလေသမျှ

| | |
|---|---|
| နေပြည်တော် | ၁ ဒသမ ၀၂ လက်မ |
| ပျဉ်းမနား | ၃ ဒသမ ၁၉ လက်မ |
| ဘားအံ | ၂ ဒသမ ၅၆ လက်မ |
| တောင်ငူ | ၂ ဒသမ ၁၇ လက်မ |
| လွိုင်ကော် | ၂ ဒသမ ၀၀ လက်မ |
| ရွှေကျင် | ၁ ဒသမ ၆၆ လက်မ |

# ဒေဝူးလေအေးပေးစက်များမိတ်ဆက်ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၃၁**

OK Myanmar Co.,Ltd.မှ မြန်မာနိုင်ငံဈေးကွက်တွင် ပထမဦးဆုံးဖြန့်ဖြူးမည့် Daewoo Air Conditionerများ မိတ်ဆက်ရှင်းလင်းပြသခြင်းအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များမှ အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ OK Myanmar Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ဒါရိုက်တာဦးဇော်ဝိတ်က ဒေဝူးလျှပ်စစ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးမည့်အစီအစဉ်များ၊ ပစ္စည်းများ၏ အရည်အသွေးအာမခံချက်နှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှု အာမခံချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ကုမ္ပဏီတာဝန်ရှိသူများက ရှင်းလင်းဖြေကြား၍ ပြသထားသည့် ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။



**OK Myanmar Co., Ltd. မှ ဖြန့်ဖြူးပေးမည့် Daewoo Air-Con ပစ္စည်းများကို တွေ့ရစဉ်။** (သတင်းစဉ်)



**OK Myanmar Co., Ltd. မှ Director ဦးဇော်ဝိတ် ဖြန့်ဖြူးမည့် ဒေဝူးလျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## ဆက်သွယ်စုံစမ်းနိုင်

ဒေဝူးလျှပ်စစ်ပစ္စည်းများအား မြန်မာနိုင်ငံဈေးကွက်အတွက် အိုကေမြန်မာကုမ္ပဏီက ဖြန့်ဖြူးရေးကိုယ်စားလှယ်အဖြစ် တာဝန်ယူတင်သွင်းမည်ဖြစ်ပြီး ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားပြစက်များနှင့် ဒီဗွီဒီပြစက်များ ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်သည်။ ယခုဖြန့်ဖြူးမည့် လေအေးပေးစက်များသည် နိုင်ငံတကာ သတ်မှတ်စံနှုန်းများနှင့်အညီ အရည်အသွေး အာမခံချက် စစ်ဆေးထားပြီး ကုမ္ပဏီမှ သုံးနှစ်အာမခံ သက်တမ်းသတ်မှတ်ပေးထားကြောင်း၊ လက်ရှိအခြေအနေတွင် ရောင်းအားမြှင့်ကာလသတ်မှတ်၍ အထူးသက်သာသည့် ဈေးနှုန်းဖြင့် ဈေးကွက်တွင် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း၊ အမြို့မြို့အနယ်နယ်ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် မေးမြန်းစုံစမ်းလိုပါက ကုမ္ပဏီရုံးချုပ် ဖုန်း-၅၄၄၄၆၃၊ ၅၄၄၄၆၄၊ ၅၄၄၄၆၅ နှင့် အရောင်းပြခန်း ဖုန်း-၂၄၁၀၇၇၊ ၃၈၇၆၄၄၊ ၃၇၇၆၂၇များသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**


# သားသမီးအပေါ် မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

**“စတုတ္ထနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ”**

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၃ ရက် (တနင်္ဂနွေနေ့) (ပထမအကြိမ်)
၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁ ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)

**(မန္တလေးတိုင်း ၃၁ မြို့နယ်၊ မကွေးတိုင်း ၁၄ မြို့နယ်၊ စစ်ကိုင်းတိုင်း ၁၈ မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ၁၄ မြို့နယ်နှင့် ကချင်ပြည်နယ် သုံးမြို့နယ်)**

**အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြစို့**




**ဩဂုတ် ၂၉ ရက်က ၂၀၀၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား အကောင်းဆုံးဆုရ သက်ကိုကိုလတ် (ပို့ဆောင်ရေး)အား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)

# ခိုးသူထံမှ ပြန်လည်သိမ်းဆည်းရမိသောစက်ဘီးများအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်

**ရန်ကုန် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်ရဲတပ်ဖွဲ့က တစ်ကိုယ်တော် စက်ဘီးခိုးသူ စိုင်းရွက် (ခ)ကျော်ဝင်းထံမှ သိမ်းဆည်းရမိသော စက်ဘီးရှစ်စီးအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်တို့က အမှာစကားများပြောကြားပြီး တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က အဆိုပါစက်ဘီးရှစ်စီးအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

ရေးသားတင်ပြသူ
မြင့်မောင်စိုး

## မန်ယူဂိုးသမားဗန်ဒါဆာ မန်ယူတွင်နှစ်နှစ်ထပ်မံကစားလိုဟုဆို



မန်ယူတွင် သက်တမ်းတိုးလိုသည့် ဂိုးသမား ဗန်ဒါဆာ။

**လန်ဒန် ဩဂုတ် ၃၁**

မန်ချက်စတာယူနိုက်တက်ဂိုးသမား ဗန်ဒါဆာသည်အိုးထရက်ဖို့ဒ်၌ နောက်ထပ်နှစ်နှစ် ကစားလိုကြောင်း ၎င်းက ထုတ်ဖော်ပြောကြားလိုက်သည်။

**စာချုပ်ထား**

အသက် ၃၅နှစ်ရှိ ဟော်လန် ဂိုးသမား ဗန်ဒါဆာသည် ၎င်း၏မန်ယူစာချုပ်ကုန်ဆုံးတော့မည်ဖြစ်ရာ မန်ယူက မကြာမီကာလက ဝက်စ်ဘရွန်းမှ ပိုလန်ဂိုးသမား တိုမက်ဇ်ကွက်ဇ်အား ပေါင်လေးသန်းဖြင့် စာချုပ်ထားသည်။

မိမိသည် မန်ယူတွင် ဘယ်လောက်ကြာနေရမည်ကို မသိကြောင်း၊ ဆက်လက်၍ အနည်းဆုံး နောက်ထပ်နှစ်နှစ်ကစားလိုကြောင်း၊ မန်ယူတွင် ပျော်ရွှင်မိကြောင်း၊ အခြားအသင်းသို့ ပြောင်းရွှေ့ရန် အကြောင်းမရှိကြောင်း ဗန်ဒါဆာက ပြောကြားသည်။

**လူကြိုက်များ**

ဗန်ဒါဆာသည် ပြီးခဲ့သောနွေရာသီက ဖူလ်ဟမ်အသင်းမှ ပေါင်နှစ်သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ ဗန်ဒါဆာသည် မန်ယူသို့ရောက်သည့်နှစ်မှာပင် အစွမ်းပြနိုင်ခဲ့မှုကြောင့် မန်ယူတွင်လူကြိုက်များသည့် ဂိုးသမားဖြစ်လာသည်။

**နေရာစိုးမိုးထား**

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ပရီမီယာလိဂ်တွင် သုံးပွဲဆက်တိုက် အနိုင်ရထားသည့်အသင်းဖြစ်သည်။ ရာသီအစ ပြိုင်ပွဲများတွင် အနိုင်ပွဲများ ယခုထက်ပိုမိုရခဲ့လျှင် တန်းစီဇယားထိပ်ဆုံးနေရာကို စိုးမိုးထားနိုင်လိမ့်မည်ဖြစ်ကြောင်း ဗန်ဒါဆာက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

## ဘလက်ဘန်းနောက်တန်းကစားသမား လီဗာပူးခေါ်ယူရန် ကြိုးစားနေ

**လန်ဒန် ဩဂုတ် ၃၁**

ဘလက်ဘန်းအသင်းမှ ဩစတြေးလျ နောက်တန်းလူ လူကက်စ်နေးလ်အား လီဗာပူးက ပေါင်နှစ်သန်းဖြင့် ခေါ်ယူရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ အဆိုပါ နောက်တန်းကစားသမားသည် ပြောင်းရွှေ့ရာသီမကုန်မီ အင်ဖီးလ်သို့သွားရောက်လိမ့်မည်ဖြစ်သည်။

**နာမည်ကြီးကစားသမား**

နေးလ်သည် ကမ္ဘာ့ဖလားတွင် ဩစတြေးလျအသင်း၌ ခြေစွမ်းပြ ကစားသည့် ဩစတြေးလျနာမည်ကြီး ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ယခုနှစ် ပရီမီယာလိဂ် အဖွင့်ပွဲတွင် ဘလက်ဘန်းက ပို့စ်မောက်အသင်း၏ ဂိုးသွင်းခံရပြီးနောက်ပြိုင်ပွဲမှ လူလဲကစားခြင်းခံရသည်။

**လူစားခေါ်ယူဖွယ်**

လူကက်စ်သည် ဘလက်ဘန်အသင်းနှင့် စာချုပ်ချုပ်ဆိုတော့မည် မဟုတ်ကြောင်း ၎င်း၏ အေးဂျင့်ပီတာ ဟာရစ်ဆင်က ပြောကြားသည်။ လီဗာပူးအသင်းက အဆိုပါ ကစားသမားကို ခေါ်ယူဖြစ်ခဲ့လျှင် ဘလက်ဘန်းက မန်စီးတီးမှ ဒန်နီမေးလ်ကို လူစားခေါ်ယူဖွယ်ရှိသည်။ **(အင်တာနက်)**


လီဗာပူးက ခေါ်ယူရန် ကမ်းလှမ်းထားသည့် ဘလက်ဘန်း နောက်တန်းလူ လူကက်စ်နေးလ်။


အဝေဖန်ခံရသော်လည်း မန်ယူတွင် ပျော်ရွှင်နေသော စီရိုနယ်ဒို။

## မန်ယူတွင် အဝေဖန်ခံနေရသော်လည်း အလွန်ပျော်ရွှင်မိကြောင်း စီရိုနယ်ဒိုပြောကြား

**လန်ဒန် ဩဂုတ် ၃၁**

ဝိန်းရွန်နေ ကမ္ဘာ့ဖလားတွင် အနီကတ်ရခဲ့မှုကြောင့် မန်ယူတွင် ဝေဖန်မှုများခံနေရသော်လည်း အလွန်ပျော်ရွှင်မိကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်တွင် ပေါ်တူဂီအသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရွန်နေအနီကတ်ရပြီး စီရိုနယ်ဒိုကရွန်နေအား တောင်းပန်ခဲ့ပြီးနောက် စီရိုနယ်ဒို၏ အနာဂတ်အတွက် သံသယဖြစ်ခဲ့ရသည်။

**အကြိုက်ဆုံးအသင်းဖြစ်**

အသက် ၂၁နှစ်ရှိ အဆိုပါ ကစားသမားသည် ရီးရဲမက်ဒရစ်သို့လည်း ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့သည်။ သို့ရာတွင် မန်ယူသည် မိမိအတွက်အကောင်းဆုံး၊ အကြိုက်ဆုံးအသင်းဖြစ်ကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

**အလွန်ပျော်ရွှင်နေ**

သို့သော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် စပိန်သို့ သွားရောက် ကစားလိုကြောင်း၊ ယခုအခါတွင် မည်သို့မျှ မဖြစ်နိုင်သေးကြောင်း၊ ပြဿနာလည်း တစ်စုံတစ်ရာ မရှိသေးကြောင်း၊ မန်ယူတွင် အလွန်ပျော်ရွှင်နေမိကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။ **(အင်တာနက်)**

## တောင်အာဖရိကအသင်းနည်းပြပရဲရား လုပ်ခလစာများပြားနေကြောင်းဝေဖန်

**ကိတ်တောင်း ဩဂုတ် ၃၁**

တောင်အာဖရိကအသင်းနည်းပြသစ် ကာလို့စ်အယ်ဘာတိုပရဲရားအား လုပ်ခလစာငွေပေးမှုမှာ အလွန် များပြားနေကြောင်း တောင်အာဖရိကကလပ် ဆန်တို့စ် နည်းပြရိုဂျာဒီဆာက တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်အား ဝေဖန်ပြောကြားလိုက်သည်။ ပရဲရားအား တစ်လလုပ်ခ အမေ



တောင်အာဖရိကနည်းပြ ပရဲရား။

ရိကန်ဒေါ်လာ ၂၅၃၀၀၀ ပေးမှုသည် များလွန်းကြောင်း၊ လေးနှစ်တာကာလတွင် သူ့အားပေးရမည့် လစာငွေမှာ အမေရိကန်ဒေါ်လာ ၁၄သန်းခန့်ရှိမည်ဖြစ်ရာ တောင်အာဖရိကဘောလုံးသမိုင်း၌ အများဆုံး လစာငွေဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**မညှိနှိုင်းရသေးကြောင်း**

ပရဲရားကမူ မိမိတစ်လလုပ်အားခနှင့် ဆုကြေးငွေများနှင့် ပတ်သက်၍ တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်နှင့် အသေးစိတ် မညှိနှိုင်းရသေးကြောင်း၊ ထို့အပြင် သူ၏ လက်ထောက်နည်းပြအတွက် လစာငွေနှင့် ဆုကြေးများ အတွက်လည်း မသိရသေးကြောင်း ပြောကြားသည်။

**များလွန်းနေ**

ပရဲရားသည် တောင်အာဖရိက အသင်းအား ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အနိုင်ရရှိရေး ကြိုးစားသွားရမည်ဖြစ်ပြီး လေးနှစ် စာချုပ်ချုပ်ဆိုထားသည်။ တောင်အာဖရိကကဲ့သို့သော နိုင်ငံတစ်နိုင်ငံအတွက် ထိုလုပ်ခငွေကြေးမှာ များလွန်းနေကြောင်း ဒီဆာက ပြန်လည်သုံးသပ်ရန်ဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

## မန်ယူတိုက်စစ်မှူးရော့ဆီ နယူးကာဆယ်သို့တစ်နှစ်အငှားချမည်

**လန်ဒန် ဩဂုတ် ၃၁**

မန်ယူတိုက်စစ်မှူးရော့ဆီအား တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူရန် နယူးကာဆယ်နှင့်မန်ယူတို့ သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်သည်။



မန်ယူတိုက်စစ်မှူး ရော့ဆီ။

ရော့ဆီအား လာမည့် ဇန်နဝါရီလမတိုင်မီပြောင်းရွှေ့ရေးအတွက် စာချုပ်မည်ဖြစ်ကြောင်း သိရသည်။

**မြင်တွေ့ရ**

အသက် ၁၉နှစ်အရွယ်သာရှိသေးသည့် အီတလီယူ-၂၁နှစ်အောက် တိုက်စစ်မှူးရော့ဆီသည်မန်ယူအသင်းနှင့် ၂၀၁၀ပြည့်နှစ်အထိ ကစားရန် စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ နယူးကာဆယ်ကလပ်သို့ ရော့ဆီအား တစ်နှစ်အငှားချထားမှုနှင့် ပတ်သက်ပြီး "သူ့အတွက်အတွေ့အကြုံကောင်းကောင်းရအောင် အငှားချထားလိုက်တာပါ။ သူဟာ မန်ယူပြန်ရောက်ရင် အတွေ့အကြုံရှိပြီးသာ တိုက်စစ်မှူးတစ်ယောက်အဖြစ် မြင်တွေ့ရမယ်၊ မန်ယူအတွက်အကျိုးရှိမယ့်လုပ်ရပ်ပါ"ဟု မန်ယူနည်းပြဖာဂူဆန်က ပြောကြားသည်။

**ကြိုးစားရမည်**

နယူးကာဆယ်သည်လက်ရှိအခြေအနေတွင် အမာခံတိုက်စစ်မှူးနှစ်ဦးဖြစ်သည့် အိုဖာဖိနိုမာတင်နှင့်အမီယိုဘီတို့ရှိနေရာ အမြဲတမ်းနေရာရရန် ကြိုးစားရမည်ဖြစ်သည်။ အိုဖာဖိနိုမာတင်မှာ လက်ရှိအချိန်တွင် ဒဏ်ရာအနည်းငယ်ရထားသည်။ **(အင်တာနက်)**

## ၂၀၀၈အာဖရိကဖလားဘောလုံးပြိုင်ပွဲခြေစစ်ပွဲ နိုင်ဂျီးရီးယားအသင်းတွင် အိုကိုချာမပါဝင်နိုင်

**အဘူဂျာ ဩဂုတ် ၃၁**

နိုင်ဂျီးရီးယားအသင်း ကွင်းလယ်ကစားသမားအိုကိုချာသည်ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် ၂၀၀၈ အာဖရိကဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် နိုင်ဂျာအသင်းနှင့်ကစားမည့်ပွဲ၌ ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ကာတာစပို့စ်ကလပ်တွင် ကစားနေသော ဂျေဂျေအိုကိုချာသည် ပေါင်ကြောဒဏ်ရာ ရရှိမှုကြောင့် နိုင်ဂျာအသင်းနှင့်ကစားမည့်ပွဲတွင် ပါဝင်နိုင်တော့မည်မဟုတ်ကြောင်း နိုင်ဂျီးရီးယား ဘောလုံးအဖွဲ့ချုပ်မှ ရိုဘင်ဆင်က ပြောကြားသည်။

အိုကိုချာသည် ပြီးခဲ့သည့်သီတင်းပတ်က ကာတာစပို့စ်ကလပ်အသင်းနှင့် ပြည်တွင်းလိဂ်ပွဲစဉ်ကစားစဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အိုကိုချာ ယခုကဲ့သို့ဒဏ်ရာရရှိသဖြင့် နိုင်ဂျာနှင့်ပွဲတွင် မပါဝင်နိုင်ခြင်းမှာ အသင်းအတွက် ထိခိုက်မှုဖြစ်ရကြောင်း ရိုဘင်ဆင်ကပြောကြားသည်။

ထို့အတူ တိုက်စစ်မှူးအိုဘာဖိမီမာတင်နှင့် ဂျွန်အောတေဂါ၊ နောက်တန်းခံစစ်မှူးချီဒီအိုဒတ်တို့လည်း ဒဏ်ရာရရှိနေသဖြင့် နိုင်ဂျီးရီးယားအသင်းတွင် ပါဝင်နိုင်ဖွယ်မရှိကြောင်း သိရသည်။

ထို့အပြင် ပြည်ပကလပ်များတွင် သွားရောက်ကစားနေကြသော နိုင်ဂျီးရီးယား ဘောလုံးသမားအချို့လည်း ဒဏ်ရာရရှိမှုများရှိနေသဖြင့် ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း နိုင်ဂျီးရီးယားနည်းပြ အောစတင့်အီရှုရာဇွန်က ပြောကြားသည်။ **(အင်တာနက်)**

ဂျေဂျေ အိုကိုချာ။






ဥပုသ်သည်တို့ဖတ်ဖွယ် ပုံဝတ္ထုလေးဆယ်
ဦးအောင်မွန် (မြတ်ဆုမွန်)
လွှက်ပြီ

အစဉ်အလာရှိ --- ယုဉ်ကျေးပြီ --- မြင်တာနဲ့သိတဲ့
အားလုံးအတွက် ---- ပြန်လာပြီ!

ဆရာကြီး မိုးရာသီစာအုပ်ဈေးရောင်းပွဲ
Quality Unity




## လယ်တီ ဝိပဿနာ ခုနစ်ရက် တရားစခန်း

**ရန်ကုန် ဩဂုတ် ၃၁**

လယ်တီ ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၉၉)ကြိမ်မြောက် လယ်တီ ဝိပဿနာ ခုနစ်ရက် တရားစခန်းကို စက်တင်ဘာ ၆ရက်မှ ၁၄ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်မ၏ သမီးဖြစ်သူ မနနရီသည် မိခင်ဖြစ်သူအား ကိုယ်နှုတ်အမူအရာဖြင့် စော်ကားခြင်း၊ ကျွန်မ၏ မြေးများတော်စပ်သော မနနရီ၏ သားသမီးနှစ်ဦးတို့ကလည်း အလားတူ စော်ကားခြင်းများ ပြုလုပ်နေပါသဖြင့် မနနရီအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှရှင် ၉/အမရ(နိုင်)၀၆၂၂၂၈ အမှတ် ၁၇၊ ပန်းရံရပ်၊ အမရပူရမြို့။**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးအောင်သာမင်း ပိုင် ၂၈/၃၆၁၁ ယာဉ်၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀-၁၇၆၂၁။**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာရှိ တိုက်အမှတ် ၁၊ အခန်း ၂၁၊ (၃)ထပ်တိုက်ခန်း၊ တယ်လီဖုန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်အေးထံမှ ဝယ်ယူရန် စရန်ငွေများပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်သူကိုယ်တိုင် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မသိမ့်သိမ့်ထွေး**
**တိုက် ၁၀၅၊ အခန်း ၁၊ (၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။**

## ဖတ်ရမှတ်ရသမျှသူတို့ဆီက စီးပွားရေးပြုပြင်ပြောင်းလဲမှုဟောပြောမည်

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စာရေးဆရာကျော်ဝင်းက 'ဖတ်ရမှတ်ရသမျှ သူတို့ဆီက' စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများခေါင်းစဉ်ဖြင့် ဟောပြောပွဲကို စက်တင်ဘာ ၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်၌ ပြုလုပ်မည်ဖြစ်သည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)





ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးအောင်ကျော်မြတ် - ဒေါ်ခင်ထွေးလှိုင် မိသားစု အမှတ် ၂၆ အသောကလမ်း မလွကုန်း ဒွေးကြွယ်(က) ရပ်ကွက် တာမွေတို့က အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဩဂုတ် ၂၂ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်မှူး ဦးလှဒေါင်း ဦးဆောင်သည့်အဖွဲ့ ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စုတွင် စိုက်ပျိုးပြီးဖြစ်သည့် ခြံစည်းရိုးကြက်ဆူပင် ၁၄၈ကေကို ကွင်းဆင်းစစ်ဆေးစဉ်။

(က-ပ)

## စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

## ပန်းအလှပင်နှင့်အရိပ်ရပင် မြေချစိုက်ပျိုးရေးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဝိုင်းမော်မြို့အား ပန်းအလှပင်၊ အရိပ်ရပင်များ ပန်းများဝေဆာစွာပွင့်ဖူးပြီး စိမ်းစိုသာယာလှပစေရန်ရည်ရွယ်၍ ဩဂုတ် ၁ရက်က အဖွဲ့ရုံးမှ ဝန်ထမ်းများဖြင့် မြစ်ကြီးနား-ဗန်းမော်သွား ကားလမ်းမကြီး ဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှပင်၊ အရိပ်ရပင်များ မြေချစိုက်ပျိုးခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**





မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဂုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော သိမ် အဆောက်အအုံသစ်အတွက် ဇူလိုင် ၇ရက်က မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့ ဈေးကြီးတောင်ပေါ်တန်းရပ်နေ ဦးမျိုးမြင့်-ဒေါ်လေးလေးနွယ်မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

# ချမ်းအေးသာစံမြို့နယ် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် ကမ်းနားလမ်းနှင့် တောင်သမန်ကန်ပတ်လမ်းတစ်လျှောက်လမ်းပြုပြင်

မန္တလေး ဩဂုတ် ၂၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၁၄ရက် နံနက် ၈နာရီက ချမ်းအေးသာစံမြို့နယ်ရှိ ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မန္တလေးမြို့ပတ်ကမ်းနားလမ်းတစ်လျှောက်နှင့် တောင်သမန်ကန်ပတ်လမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ရန်ကုန်-မန္တလေးကားလမ်းမကြီးတစ်လျှောက် နိုင်လွန်ကတ္တရာလမ်းခင်းနိုင်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းအနီးရှိ ငွေတချောင်းမြောင်းသို့ရောက်ရှိကာ ငွေတချောင်းမြောင်းတစ်လျှောက် ၂၆လမ်းမှ ၃၅ လမ်းအထိ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများဖြင့် မြောင်းစာနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

### လိုက်လံကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ်ကမ်းနားလမ်းတစ်လျှောက် ရှမ်းကလေးကျွန်းမှ ရွှေဂုဲအထိ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တောင်သမန်ကန်ပတ်လမ်းတစ်လျှောက် လမ်းနှင့်တံတားများ အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင်တံတားအနီးသို့ ရောက်ရှိပြီး ရန်ကုန်-မန္တလေးကားလမ်းမကြီးတစ်လျှောက် တံခွန်တိုင်တံတားမှ စက်မှုမြို့သစ်ပန်းခြံအထိ နိုင်လွန်ကတ္တရာလမ်းခင်းနိုင်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ရေနုတ်မြောင်းများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

### ဆယ်ယူရှင်းလင်း

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ်ရှိ ၂၆လမ်းမှ လမ်း ၃၀အထိ ၆၆လမ်းဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများဖြင့် မြောင်းစာနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ နဒီမြောင်းသို့ ရောက်ရှိက နဒီမြောင်းတစ်လျှောက် ၂၆လမ်းမှ ၃၅လမ်းအထိ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများဖြင့်မြောင်းစာနှင့်အမှိုက်များ၊ ရွှံ့နွံများ ဆယ်ယူရှင်းလင်းနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။**(သတင်းစဉ်)**

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှား လင်းခေးမြို့နယ်တွင် ဂုဏ်ပြုပွဲကျင်းပ ဆုရရှိသည့် ကျောင်းများဆုချီးမြှင့်

**လင်းခေး ဩဂုတ် ၂၂**

လင်းခေးမြို့နယ် ပညာရေးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၈နာရီခွဲက လင်းခေး အထက ခန်းမဆောင်၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိန်အောင်က ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ဒေါက်တာမြင့်သိန်းက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားသည်။

### ဆုပေးအပ်

ထို့နောက် ကျောင်းသန့်ရှင်းရေးဆုရရှိသည့် ကျောင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့်ဇနီးတို့က ကျောင်းအလှူငွေကျပ်တစ်သိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအုန်းကြည်ထံပေးအပ်လှူဒါန်းပြီး ခရိုင်ကျောင်းကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက ပထမဆုရ ပင်ဝေါင်အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းအောင်ခင်အား ဆုချီးမြှင့်ပြီး ကျန်ဆုများအား တာဝန်ရှိသူများက ချီးမြှင့်ပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**



အမြို့မြို့ အနယ်နယ် သတင်းများ

# ဆီဆိုင်မြို့၌ ကျေးရွာမိခင်/ ကလေး အသင်းခွဲတိုးချဲ့ဖွဲ့စည်း ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အခမဲ့ဆေးဝါးကုသပေး

**ဆီဆိုင် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲတိုးချဲ့ဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ဆီဆိုင်မြို့နယ် ဘန့်ဗွီး ကျေးရွာအုပ်စု ကျောင်းချယ်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခွဲဖွဲ့စည်းရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းစည်းကမ်းများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးမြစိက ရှင်းလင်းပြောကြားပြီး အသင်းဝင်အဆိုပြုလွှာများပေးအပ်ခြင်းကို လက်ခံရယူသည်။

ထို့နောက်အသင်းခွဲကိုဖွဲ့စည်းရာ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဒေါ်နန်းစံနှင့် အဖွဲ့ဝင်ခုနစ်ဦးတို့ပါဝင်သော အသင်းခွဲကို ဖွဲ့စည်းလိုက်သည်။ ဆက်လက်၍ ဘန်းယဉ်တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာဒေါ်စုလှိုင်ဝင်းနှင့်အတူ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်း၊ တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးလေ့ကျင့်ဆွေးနွေးပွဲများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(ဝဲပုံ)** **(ဝ၄၈)**



**ဩဂုတ် ၂၅ ရက်ကတိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များပြုပြင်ခြင်း၊ မြေဆွေးထည့်ခြင်း၊ ပျိုးပင်များ ပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းများကို ဒုတိယဦးစီးမှူး ဒေါ်ချိုချိုမြင့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# နှောကန်ကျေးရွာ စက်ရေတွင်းရေမြှုပ်ပန့်တပ်ဆင်

**ရေနံချောင်း ဩဂုတ် ၂၀**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ် ဘတ်ဂျက်လုပ်ငန်းဖြစ်သော နှောကန်ကျေးရွာ ၄လက်မ ပေ ၉၄၀ စက်ရေတွင်း ရေမြှုပ်ပန့်တပ်ဆင်ဆောင်ရွက်မှုကို ဩဂုတ် ၁ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိလက် ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့က ကွင်းဆင်းကြီး ကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**



**(မြို့နယ်စည်ပင်)**

# ဆွမ်းဆန်လှူဒါန်းပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်သူများ ဂုဏ်ပြု

ကျိုက်ထို ဩဂုတ် ၂၉

**ကျိုက်ထိုမြို့နယ်တွင် နယ်မြေခံတပ်မှ တပ်မမှူးဗိုလ်မှူးချုပ်လှမြင့်ရွှေ နှင့် မိသားစုတို့၏ ဆွမ်းဆန်လှူဒါန်းပွဲနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆိပ်ဖူးတောင် ပရဟိတဂေဟာခန်းမတွင် ဩဂုတ် ၂၆ရက် နံနက် ၉နာရီက ကျင်းပသည်။**

အခမ်းအနားတွင် ဆိပ်ဖူးတောင် ပရဟိတဂေဟာ နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဇောတိက ဩဝါဒစကားမြွက်ကြားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်လှမြင့်ရွှေက အမှာစကား ပြောကြားပြီး တပ်မမှူးနှင့်ဇနီးဒေါ်ချိုချို သန်းတို့က ဆိပ်ဖူးတောင် ပရဟိတ ဂေဟာအတွက် ဆွမ်းဆန်၊ ဗလာ စာအုပ်နှင့် ငွေပဒေသာပင် မတည်ငွေ ကျပ် ၁၀သိန်းကို ပရဟိတဂေဟာ နာယက ဆရာတော်ထံ ဆက်ကပ် လှူဒါန်းသည်။ **(ယာပုံ)**

**ဆုချီးမြှင့်**

ထို့နောက် ၂၀၀၆ခုနှစ်တက္ကသိုလ် ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား တပ်မမှူးနှင့်ဇနီး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ် နီဝင်း၊ ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ် အမှုဆောင် ဦးစိန်မြင့် (တိုင်းရေးနံ ရောင်းဝယ်ရေးအရာရှိ)၊ မြို့နယ်ပညာရေးမှူးဦးမြသန်းနှင့် အထက(၁)နှင့် အထက(၂) ဆရာ ဆရာမများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**





# ပထမပြန်စာမေးပွဲအောင်သာသနာ့အာဇာနည်များ ပျဉ်းမနားမြို့နယ်၌ ဂုဏ်ပြုပူဇော်

**ပျဉ်းမနား ဩဂုတ် ၁၇**

ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် စဥ့်အိုးဖိုကျောင်းတိုက်တွင် ဆရာတော် ဘဒ္ဒန္တသုန္ဒရ၏ ပရိယတ္တိသာသနာပြုလုပ်ငန်းမှ ၁၃၆၇-၆၈ ခုနှစ် နိုင်ငံတော်အစိုးရ ပထမပြန် စာမေးပွဲအောင် သာသနာ့အာဇာနည်များအား နဝမအကြိမ်မြောက် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၆ နာရီက ကျင်းပသည်။

**ပူဇော်**

အခမ်းအနားတွင် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ မဟာထေရ်က အနုမောဒနာ တရားချီးမြှင့်သည်။ ထို့နောက် စဥ့်အိုးဖိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရက ၁၃၆၇-၆၈ခုနှစ် နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် ၄၇ပါးတို့အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်လှူဒါန်းပူဇော်ကြောင်း သိရသည်။**(အပေါ်ပုံ)** **(၀၉၉)**

# မွမ်းမံသင်တန်းသားများ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)လေ့လာ

**တောင်ကြီး ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် မွမ်းမံသင်တန်းသား၊ သင်တန်းသူ ၃၆ ဦးသည် တောင်ကြီးခရိုင် ဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်ခေါင်းဆောင်၍ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)၏ သတင်းစာထုတ်လုပ်မှုအဆင့်ဆင့်ကို လေ့လာရန် ဩဂုတ် ၂၆ ရက် နံနက်၈နာရီခွဲက ရောက်ရှိလာကြသည်။

သင်တန်းသား၊သင်တန်းသူများအား ကိုယ်ပွားသတင်းစာတိုက် တောင်ကြီးမှ စာတည်း(တာဝန်ခံ) ဦးနိုင်ထွန်းက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး သတင်းစာဖောင်ဖမ်းယူပုံ၊ ဓာတ်ပုံခန်း လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းနှင့် ဖြန့်ချိရေးဆောင်ရွက်မှုများအား လေ့လာခဲ့ကြောင်း သိရသည်။ **(က-ပ)**

# မိုင်းယောင်း ပြန်/ ဆက်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

**မိုင်းယောင်း ဩဂုတ် ၁၀**

မိုင်းယောင်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးကို ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၀၆) ဆင်းပွဲကို ဇူလိုင်၂၈ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းတွင် မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်နှင့် မိုင်းယောင်းမြို့နယ်ဦးစီးဌာနဦးစီးမှူး ဦးစိုင်းအောင်ခမ်းတို့က သင်တန်းများ ပို့ချပေးကြသည်။ **(အောက်ပုံ)** သင်တန်းသို့ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ် သတင်းများ



# ဘိုကလေးမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားနှင့် ရေဒီယိုကက်ဆက်ပေးအပ်လှူဒါန်း

**ဘိုကလေး ဩဂုတ် ၂၀**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် လုပ်ငန်းရှင်များက ပေးအပ်လှူဒါန်းသည့် ရုပ်မြင်သံကြားစက်၊ ရေဒီယို ကက်ဆက်များ ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက်က ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဝင်းမြင့်က အမှာစကား ပြောကြားပြီး စံပြစာကြည့်တိုက်များ ဖြစ်သည့် ဟေမာန်ကျေးရွာစာကြည့်တိုက်နှင့်မြင်းကကုန်းကျေးရွာစာကြည့်တိုက်သို့ရုပ်မြင်သံကြားပြစက်တစ်လုံးစီ ပေးအပ်လှူဒါန်းပြီး**(အပေါ်ယာပုံ)**မြို့နယ် အဖွဲ့ဝင် (၁)ဒုတိယရဲမှူး ဦးခင်မောင်စိုး၊ မြို့နယ်အတွင်းရေးမှူးဦးကိုးအောင်၊ ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းသန်းနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့(ခွဲ) ဥက္ကဋ္ဌဦးလှမြင့်တို့က ဘုရားသုံးဆူကျေးရွာ သာပေါင်းကျေးရွာ၊ ကျွန်းညိုကျေးရွာနှင့် ကမကလူကျေးရွာများသို့ ရုပ်မြင်သံကြားပြစက်တစ်လုံးစီ ပေးအပ်လှူဒါန်းကြသည်။



ထို့နောက် တာဝန်ရှိသူများက ကျေးရွာ၃၂ရွာသို့ ကက်ဆက်တစ်လုံးစီ လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

**သာစည်မြို့နယ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက်က မြို့နယ်ခန်းမတွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်အောင်က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**

(မြို့နယ် ပြန်/ဆက်)



# ရွှေကျင်မြို့နယ်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

**ရွှေကျင် ဩဂုတ် ၂၅**

ပဲခူးခရိုင် ရွှေကျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ရွှေကျင်မြို့ မြို့နယ်အားကစားကွင်း၌ ဩဂုတ် ၂၀ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွေးမြင့်နှင့် အဖွဲ့ဝင်များ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေကျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်က ပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)**မြို့မ(၁)အသင်းနှင့် တောင်ဘက် ကျေးရွာအမျိုးသမီးဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေဖြစ်သွားသည်။ ပြိုင်ပွဲသို့ အမျိုးသမီး ဘောလုံးအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# ဟိုပင်တွင်ကျန်းမာရေးပညာပေးဟောပြော

**ဟိုပင် ဩဂုတ် ၁၅**

ကချင်ပြည်နယ် ဟိုပင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၇ရက် နံနက်၁၁နာရီက ဟိုပင်မြို့ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားသည်။

**အာဟာရကျွေးမွေး**

ထို့နောက်ဟိုပင်မြို့ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးမှူးဦးမျိုးသန့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြတင်တို့က မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောကြပြီး သားဖွားဆရာမဒေါ်နန်းဒွဲက မိခင်နို့စနစ်တကျတိုက်ကျွေးပုံကို လက်တွေ့ပြသသည်။ ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရအစားအစာများ ကျွေးမွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကာတာနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁

၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကာတာနိုင်ငံဝန်ကြီးချုပ် ရှိတ်အဗ္ဗဒူလာ ဘင်ကာလီဖာ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပညာပေး ပြည်နယ်အတွင်း၌ လမ်း၊ တံတားများရေရှည်တည်တံ့အောင် ဂိုင်းဝန်းထိန်းသိမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်

## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရမ်းဗြဲမြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နေပြည်တော် ဩဂုတ် ၃၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၇ရက် နံနက် ၇ နာရီခွဲက ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမသို့ရောက်ရှိကြပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စာမျက်နှာ ၃ ကော်လံ ၁ ■



# လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေ မိမိနေရပ်မှာပင် ပညာသင်ကြားနိုင်ရန် တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များ ဖွင့်လှစ်ထား ကျေးလက်ပညာရည်မြင့်မားရေးအတွက် အကြားအလပ်မရှိ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃၁

**ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံတက္ကသိုလ်သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ဒဂုံတက္ကသိုလ်ပင်မအဆောက်အအုံရှေ့ မျက်နှာစာ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်ပြီး သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။** (ဝဲပုံ)

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) စာမျက်နှာ ၅ ကော်လံ ၁ ●

# အောင်မြင်မှုရရှိရေး မြန်မာပရိသတ်များ အထူးအားပေးခဲ့ မိမိပရိသတ်ရှိနေ၍ ပြိုင်ဘက်ကိုမရှိန်ဘဲ ရဲရဲတင်းတင်းကစားနိုင်

## နိုင်ငံ၏အကောင်းဆုံးအားကစားသမားများကိုသာ ရွေးချယ်ယှဉ်ပြိုင်ခဲ့ အနိုင်ရဗိုလ်စွဲသည့် အဓိကအချက်မှာ ဇွဲသတ္တိနှင့် စိတ်ဓာတ်ကောင်း၍ဖြစ်

## သတင်းဆောင်းပါး – ကိုထွေး

ဓာတ်ပုံ–တင်စိုး နှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၃၁

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ချန်ပီယံဆုဖလား လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို ယမန်နေ့ည ၁၁ နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ စာမျက်နှာ ၉ ကော်လံ ၁ ❒